# ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ၊ လစဉ်အစီရင်ခံစာ

## လက်ရှိအခြေအနေအကျဉ်းချုပ်

၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလကုန်တွင် မြန်မာနိုင်ငံတွင်း၌ နိုင်ငံရေးလှုပ်ရှားမှုများကြောင့် ဖမ်းဆီး၊ ထိန်းသိမ်းခံထားရသူနှင့် ထောင်ပြင်ပမှ တရားရင်ဆိုင်နေရသူ စုစုပေါင်း ၃၀၅ ဦးရှိသည်။ ထိုထဲမှ နိုင်ငံရေးအကျဉ်းသားစုစုပေါင်း ၃၆ ဦး အကျဉ်းကျခံနေရပြီး တက်ကြွလှုပ်ရှားသူ ၅၃ ဦးသည် ထောင်တွင်းမှနေ၍ တရားရင်ဆိုင်နေရကာ ၂၁၆ ဦးသည် ထောင်ပြင်ပမှနေ၍ တရားရင်ဆိုင်နေရသည်။



ဓာတ်ပုံ ယနေ့မြန်မာ (Myanmar Now)
နိုဝင်ဘာလ၊ ၂၀၁၈ ခုနှစ်


**Assistance Association for Political Prisoners (Burma)**
နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)

AAPP

P.O Box 93, Mae Sot, Tak Province 63110, Thailand
E-mail: info@aappb.org, info.aappburma@gmail.com Website: www.aappb.org


အင်တာနက်စာမျက်နှာ　　တွစ်တာစာမျက်နှာ　　လူမှုကွန်ရက်စာမျက်နှာ

# မာတိကာ


**နိုင်ငံရေးအကျဉ်းသားများ ........................................ 3**

တရားစွဲဆိုခံရခြင်းများ ........................................ 3

တရားရင်ဆိုင်ရခြင်းများ ........................................ 3

ထောင်ဒဏ်ချမှတ်ခံရခြင်းများ ........................................ 3

ထောင်တွင်းအခြေအနေများ ........................................ 5

ထောင်မှလွတ်မြောက်မှုများ ........................................ 5

**နိုင်ငံရေးနှင့်နိုင်ငံသားတို့၏လွတ်လပ်ခွင့်အပေါ်တားမြစ်ခြင်းများနှင့်ဆန္ဒထုတ်ဖော်မှုများ** ........................................ 7

လယ်ယာမြေအငြင်းပွားမှုများ ........................................ 11

**အရေးပါသည့်ဆက်စပ်သတင်းများဖတ်ရန် Links ........................................ 17**

# နိုင်ငံရေးအကျဉ်းသားများ

## ▶ တရားစွဲဆိုခံရခြင်းများ

**ပန်ဒါချည်မျှင်နှင့် အထည်ချုပ်စက်ရုံကို ဆန္ဒပြသူများ အမှုဖွင့်ခံရ**

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်ရှိ ပန်ဒါချည်မျှင်နှင့် အထည်ချုပ်စက်ရုံမှ အလုပ်သမားများ၏ ဆန္ဒထုတ်ဖော်ပွဲတွင် ဦးဆောင်ပါဝင်ခဲ့သူ လေးဦးအား ပလိပ်မြို့မရဲစခန်းမှ နိုဝင်ဘာလ ၉ ရက်နေ့တွင် ငြိမ်းစုစီဥပဒေ ပုဒ်မ ၁၈၊ ပုဒ်မ ၁၉ ဖြင့် တရားစွဲဆိုခဲ့သည်။ အလုပ်သမားများသည် ၎င်းတို့ အလုပ်ထုတ်ခံရခြင်း၊ လစာဖြတ်တောက်ခံရခြင်း တို့နှင့် ပတ်သက်၍ ဆန္ဒပြတောင်းဆိုနေကြခြင်းဖြစ်သည်။ နိုဝင်ဘာလ ၉ ရက်နေ့တွင် ဆန္ဒပြပွဲဦးဆောင်သူများအနက်မှ သုံးဦးသည် စက်ရုံသို့သွားသည့်လမ်း၌ အာဏာပိုင်များ၏ ထိန်းသိမ်းခြင်းကို ခံခဲ့ရသည်။ ထို့နောက် ၎င်းတို့ သုံးဦးသည် လွတ်မြောက်ခဲ့သော်လည်း နိုဝင်ဘာလ ၉ ရက်နေ့တွင် ၎င်းတို့သုံးဦးအပါအဝင် ဆန္ဒပြပွဲဦးဆောင်သူ လေးဦးသည် အမှုဖွင့်ခြင်းခံခဲ့ရသည်။

**ဒေသခံ ၅၀ ဦးကို မကွေးတိုင်းဝန်ကြီး အမှုဖွင့်**

နိုဝင်ဘာလ ၁၀ ရက်နေ့တွင် မကွေးတိုင်းဒေသကြီး သဘာဝပတ်ဝန်းကျင်၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီး ဦးမြင့်ဇော်မှ မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်၊ စကြီးကျေးရွာမှ ဒေသခံ ၅၀ ခန့်ကို တာဝန်ဝတ္တရားဆောင်ရွက်နေသည့် ပြည်သူ့ဝန်ထမ်းကို ဟန့်တားမှုဖြင့် အောင်လံမြို့နယ် ရဲစခန်းတွင် အမှုဖွင့်ခဲ့သည်။ အောင်လံမြို့နယ်ရှိ ကလုံမော်ကျေးရွာနှင့် ကံမလေးကျေးရွာနှစ်ရွာ၌ လျှပ်စစ်မီးရရှိရေးအတွက် အဆိုပါရွာနှစ်ရွာနှင့်နီးသော စကြီးကျေးရွာကိုဖြတ်၍ လျှပ်စစ်ကြိုး သွယ်တန်းရာတွင် စကြီးကျေးရွာမှ ဒေသခံ ၅၀ ဦးခန့်သည် ကျေးရွာအတွင်းမှ မီးကြိုးသွယ်တန်းလျှင် အန္တရာယ်ရှိသည်ဟုဆိုကာ မီးကြိုးသွယ်ရန် ခွင့်မပြုဘဲ ဟန့်တားကန့်ကွက်ခဲ့ကြသည်။ အောက်တိုဘာလဆန်းကတည်းက ကန့်ကွက်မှုများ စတင်ခဲ့ခြင်းဖြစ်ပြီး ဒေသအာဏာပိုင်များနှင့် ကန့်ကွက်နေသူများသည် အကြိမ်ကြိမ်တွေ့ဆုံဆွေးနွေးခဲ့သော်လည်း ပြေလည်မှုမရရှိခဲ့ပါ။ ထို့ကြောင့် ကန့်ကွက်နေသည့် ဒေသခံများနှင့် ၎င်းတို့ ထပ်မံတွေ့ဆုံဆွေးနွေးခဲ့ရာ၌လည်း ပြေလည်မှုမရရှိသည့်အတွက် အမှုဖွင့်ရခြင်းဖြစ်ကြောင်း ဝန်ကြီး ဦးမြင့်ဇော်မှ ပြောကြားခဲ့သည်။ အမှုဖွင့်ခြင်းခံထားရသူ တစ်ဦးဖြစ်သော ဒေါ်ညိုညိုစန်းမှ ဒေသဆိုင်ရာ အာဏာပိုင်များမှ ဒေသခံများအား ရှင်းလင်းပြောကြားခြင်းမရှိဘဲ ဆောင်ရွက်နေခြင်းဖြစ်သည့်အတွက် အဆိုပါ ကိစ္စအား နိုင်ငံတော်သမ္မတနှင့် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်တို့ထံ တိုင်ကြားစာ ပေးပို့ထားသည်ဟု ပြောဆိုခဲ့သည်။

## ▶ တရားရင်ဆိုင်ရခြင်းများ

**ဆက်သွယ်ရေးဥပဒေဖြင့် အမှုဖွင့်ခြင်းခံထားရသော RFA သတင်းထောက်ကို အာမခံပေး**

ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၈ (က) ဖြင့် အမှုဖွင့်ခြင်းခံထားရသော မကွေးဂျာနယ်၏ တာဝန်ခံ အယ်ဒီတာ၊ လွတ်လပ်သည့် အာရှအသံသတင်းဌာန (RFA) ၏ မကွေးမြို့ခံ သတင်းထောက် ဦးမြင့်ဇော်ဦး (သတင်းထောက်အမည် - ဇော်တူး) ကို ကမာရွတ်မြို့နယ်ရဲစခန်းမှ နိုဝင်ဘာလ ၉ ရက်နေ့တွင် အာမခံပေးခဲ့သည်။ အောက်တိုဘာလ ၂၂ ရက်နေ့တွင် ဦးမြင့်ဇော်ဦးသည် ၎င်း၏ လူမှုကွန်ရက်စာမျက်နှာပေါ်တွင် "ရန်ကုန်တက္ကသိုလ် ဗုံးကွဲတဲ့သတင်း ကွန်ဖန်းဖြစ်လား ဘော်ဒါတို့" ဟူသော စာသားကို ရေးသားခဲ့ခြင်းနှင့်ပတ်သက်၍ ကမာရွတ်မြို့နယ်ရဲစခန်းမှ ရန်ကုန်တက္ကသိုလ်သို့ သွားရောက်စစ်ဆေးခဲ့ရာ၌ ထူးခြားမှုမတွေ့ရှိခဲ့ပါ။ ထို့ကြောင့် မမှန်ကန်သော သတင်းရေးသားမှုဖြင့် ကမာရွတ်မြို့နယ် ရဲမှူးသိန်းဟန်မှ ဦးမြင့်ဇော်ဦးအား မမှန်ကန်သော သတင်းရေးသားမှုဖြင့် နိုဝင်ဘာလ ၂ ရက်နေ့တွင် ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၈ (က) ဖြင့် ကမာရွတ်မြို့နယ် ရဲစခန်းတွင် အမှုဖွင့်ခဲ့သည်။ အဆိုပါကိစ္စနှင့်ပတ်သက်၍ မြန်မာနိုင်ငံသတင်း မီဒီယာကောင်စီမှ ၎င်းတို့ထံအကြောင်းကြားစာ ပေးပို့ထားသော်လည်း ဥပဒေနှင့်အညီ ဆောင်ရွက်မည်ဖြစ်ကြောင်း ရဲမှူးသိန်းဟန်မှ ပြောကြားခဲ့သည်။

**တရားစွဲဆိုခြင်းခံနေရသော ကချင်ဆန္ဒပြ လူငယ်ခေါင်းဆောင်သုံးဦး၏ အမှု နောက်ဆုံးသက်သေကို စစ်ဆေး**

တပ်မတော်ကို အသရေဖျက်သည်ဟု စွပ်စွဲခြင်းခံရကာ တရားစွဲဆိုခြင်းခံထားရသော ကချင်ဆန္ဒပြလူငယ် ခေါင်း

ဆောင် သုံးဦး၏အမှုတွင် နောက်ဆုံးကျန်ရှိနေသော သက်သေတစ်ဦးကို နိုဝင်ဘာလ ၁၉ ရက်နေ့တွင် မြစ်ကြီးနားမြို့နယ် တရားရုံး၌ ထပ်မံစစ်ဆေးခဲ့သည်။ တရားရုံး၏စစ်ဆေးမှုတွင် စစ်တပ်မှ လိုင်နောင်ခူး (Lai Nawng Hku) ရှိ ပိတ်မိပြည်သူများအား ရိုက်နှက်ခြိမ်းခြောက်မှုများ ပြုလုပ်ခဲ့သည်ဟူသော ပြောဆိုချက်အပေါ် မှန်ကန်မှုရှိ၊ မရှိကို စစ်တပ်မှ ခေါ်ဆောင်ခြင်းခံခဲ့ရပြီး နှိပ်စက်ခြင်းခံခဲ့ရသော ဆလန်ဇော်တောင် (Slg. Zaw Tawng) အား စစ်ဆေးခဲ့ခြင်းဖြစ်သည်ဟု ရှေ့နေ Mung Seng Tu မှ ပြောကြားခဲ့သည်။

နိုဝင်ဘာလ ၂၈ ရက်နေ့တွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် (မပခ) မှ ဒုတိယ ဗိုလ်မှူးကြီး မျိုးမင်းဦးမှ တရားလိုပြုလုပ်၍ ကချင်ဆန္ဒပြခေါင်းဆောင် ကိုလွမ်းဇောင်း (Lum Zawng)၊ ကိုဇော်ဂျတ် (Zau Jat) နှင့် ဒေါ်နန်ပူ (Nang Pau) တို့အား စွဲဆိုထားသော အမှုကို အပြီးသတ်လျှောက်လဲချက်ပေးသွားမည်ဖြစ်သည်။

## ▶ ထောင်ဒဏ်ချမှတ်ခံရခြင်းများ

### လက်လုပ်မိုင်း ပေါက်ကွဲခဲ့မှုအတွက် ထောင်ဒဏ်အနှစ် ၃၀ ချမှတ်

နိုဝင်ဘာလ ၁၆ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ စစ်တွေခရိုင်တရားရုံးမှ စစ်တွေမြို့တွင် ဖေဖော်ဝါရီလအတွင်း၌ လက်လုပ်မိုင်းသုံးခု ပေါက်ကွဲခဲ့မှုနှင့် ဆက်နွယ်၍ သံသယဖြင့် ဖမ်းဆီးခြင်းခံထားရသူ နှစ်ဦးဖြစ်သော စစ်တွေမြို့မှ ဦးမောင်အေးဝင်းအား ထောင်ဒဏ်အနှစ် ၃၀ ကျခံရန် အမိန့်ချမှတ်ခဲ့ပြီး ဦးမောင်ဦးမြင့်ကိုမူ အပြီးသတ်ပြန်လွှတ်ပေးခဲ့သည်။ စစ်တွေမြို့တွင် ဗုံးသုံးလုံးပေါက်ကွဲခဲ့ရာ၌ ဦးမောင်ဦးမြင့်အား တရားရုံးရှေ့တွင် ပေါက်ကွဲခဲ့သည့်အမှုဖြင့် စွဲချက်တင်ခဲ့ပြီး ဦးမောင်အေးဝင်းအား တရားရုံးရှေ့၊ ဦးတင်မောင်ဆွေ၏ အိမ်ရှေ့နှင့် မြေစာရင်းရုံးအနီးတွင် ပေါက်ကွဲခဲ့သောအမှု စုစုပေါင်း အမှုသုံးမှုဖြင့် စွဲချက်တင်ခဲ့သည်။ ဦးမောင်အေးဝင်းမှ ၎င်းသည် မည်သည့်ပေါက်ကွဲမှုတွင်မှ ပါဝင်ခဲ့ခြင်းမရှိသည့်ပြင် ကူညီခဲ့ခြင်းလည်း မရှိခဲ့ပါဟု ပြောကြားခဲ့သည်။ ထို့ပြင် အခင်းဖြစ်ပွားသည့်အချိန်တွင် ၎င်းသည် ဘူးသီးတောင်၊ မောင်တောတွင် ကယ်ဆယ်ရေးပေးရန်အတွက် သွားနေခဲ့သည်ဟု ဆက်လက်ပြောကြားခဲ့သည်။ လက်လုပ်မိုင်း ပေါက်ကွဲခဲ့သည့် နေရာသုံးခုအတွက် နေရာတစ်ခုစီကို ထောင်ဒဏ် ၁၀ နှစ်စီ၊ စုစုပေါင်း ထောင်ဒဏ် အနှစ် ၃၀ ချမှတ်ခံခဲ့ရခြင်းဖြစ်သည်ဟု ယင်းအမှုကို လိုက်ပါဆောင်ရွက်သည့် တရားလွှတ်တော်ရှေ့နေ ဒေါ်အေးနုစိန်မှ ပြောကြားခဲ့သည်။ အဆိုပါအမှုများကို စစ်ဆေးရာတွင် အစိုးရဘက်မှ မျက်မြင်သက်သေတစ်ဦးမှ တင်ပြနိုင်ခြင်းမရှိဘဲ ကြီးလေးသည့်ပြစ်ဒဏ်များကို ချမှတ်ခဲ့ခြင်းဖြစ်သည့်အတွက် အထက်တရားရုံး အဆင့်ဆင့်သို့ အယူခံဝင်သွားမည်ဟုလည်း ၎င်းမှ ပြောကြားခဲ့သည်။

### AA စစ်ဦးစီးချုပ်ပုံဖြင့် မီးပုံးပျံလွှတ်သူ ထောင်ဒဏ် နှစ်နှစ်ချမှတ်

ရက္ခိုင့်တပ်မတော် (AA) စစ်ဦးစီးချုပ် ဗိုလ်ချုပ် ထွန်းမြတ်နိုင်၏ မွေးနေ့တွင် ၎င်း၏ရုပ်ပုံပါသည့် မီးပုံးပျံကို လွှင့်တင်ခဲ့ခြင်းအတွက် နိုဝင်ဘာလ ၂၆ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်တရားရုံးမှ ကျောက်ဖြူမြို့နယ်၊ လိပ်ခမော်ကျေးရွာမှ ဦးလှထွန်းကျော်ကို မတရားအသင်းဆက်သွယ်မှုဥပဒေ ပုဒ်မ ၁၇(၁) ဖြင့် ထောင်ဒဏ် နှစ်နှစ်အမိန့်ချမှတ်ခဲ့သည်။ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလတွင် ဦးလှထွန်းကျော်သည် ဖမ်းဆီးခြင်းခံခဲ့ရပြီး တစ်နှစ်ကြာ တရားရင်ဆိုင်ခဲ့ရပြီးနောက် အမိန့်ချမှတ်ခံခဲ့ရခြင်း ဖြစ်သည်။ တရားရုံး၏ဆုံးဖြတ်ချက်သည် တရားမျှတမှုရှိသည်ဟု မယူဆခြင်းကြောင့် အထက်တရားရုံးများတွင် အယူခံဝင်သွားမည်ဟု ရှေ့နေ ဦးတင်မြင့်မှ ပြောကြားခဲ့သည်။

### ဘီလပ်မြေစက်ရုံအဝင်၊ အထွက်လမ်းကို တားဆီးပိတ်ပင်သည်ဟုဆိုကာ တောင်သူငါးဦးကို ထောင်ဒဏ် တစ်လစီချမှတ်

မန္တလေးတိုင်း၊ ပုသိမ်ကြီးမြို့နယ်၊ အောင်သပြေကျေးရွာအနီးတွင် တည်ဆောက်နေသော ကျောက်မီးသွေးသုံးဘီလပ်မြေစက်ရုံ၏ အဝင်၊ အထွက်လမ်းကို တားဆီးပိတ်ပင်သည်ဟုဆိုကာ နိုဝင်ဘာလ ၂၈ ရက်နေ့တွင် ပုသိမ်ကြီးမြို့နယ်တရားရုံးမှ ဒေသခံတောင်သူ ငါးဦးကို မတရားတားဆီးကန့်ကွက်မှု၊ ရာဇသတ်ကြီး ပုဒ်မ ၃၄၁ ဖြင့် ထောင်ဒဏ်တစ်လ ချမှတ်ခဲ့သည်။ ထိုဒေသခံတောင်သူငါးဦးကို မြင့်ကုမ္ပဏီဘက်မှ တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။ တောင်သူများ၏အမှုကို လိုက်ပါဆောင်ရွက်နေသော ရှေ့နေဦးစည်သူမှ အဆိုပါလမ်းသည် ဒေသခံများ၏ ယာခင်းထဲမှ ဖောက်လုပ်ထားသည့်လမ်းဖြစ်ပြီး ဥပဒေ၌ ကုန်းတွင်းဖြစ်စေ၊ ရေတွင်းဖြစ်စေ၊ ကိုယ်ပိုင်လမ်းဖြစ်စေ သဘောရိုးဖြင့် ပိတ်ဆို့ မှုပြုလျှင် (ရာဇသတ်ကြီး) ပုဒ်မ ၃၄၁ အရ အပြစ်ပေး၍ မရဟု ပြဋ္ဌာန်းထားသည်၊ ထို့ကဲ့သို့ ထောင်ဒဏ် တစ်လ ချမှတ်ခဲ့ခြင်းသည် ဖိအားပါသည်ဟု ယူဆကြောင်း ပြောကြားခဲ့သည်။ ထောင်ဒဏ်ချမှတ်မှု

အပေါ် ကျေနပ်ခြင်းမရှိသည့်အတွက် တရားရုံးရှေ့တွင် ဒေသခံများနှင့် ရဲတပ်ဖွဲ့ဝင်များအကြား ရုန်းရင်းဆန်ခတ် ဖြစ်ပွားခဲ့သည်။

မြင့်ရင်းနီးမြှုပ်နှံမှုကုမ္ပဏီမှ တည်ဆောက်လျှက်ရှိသည့် ကျောက်မီးသွေးသုံး ဘိလပ်မြေစီမံကိန်းကို ဒေသခံများမှ အပြင်းအထန် ကန့်ကွက်ခဲ့သည့်အတွက် ဒေသခံတောင်သူများသည် လမ်းတံတားဥပဒေအပါအဝင် ငြိမ်း၊စု၊စီ ဥပဒေများဖြင့် တရားစွဲဆိုခြင်းခံထားရသည်။

## ထောင်တွင်းအခြေအနေများ

### ရိုက်တာသတင်းထောက်နှစ်ဦး၏ အယူခံလျှောက်လွှာကို ရန်ကုန်တိုင်းတရားလွှတ်တော် လက်ခံ

နိုဝင်ဘာလ ၂၈ ရက်နေ့တွင် ရန်ကုန်တိုင်း တရားလွှတ်တော်မှ နိုင်ငံတော်အစိုးရ လျှို့ဝှက်ချက်များ အက်ဥပဒေဖြင့် ထောင်ဒဏ် ခုနစ်နှစ်စီ ချမှတ်ခြင်းခံထားရသော ရိုက်တာသတင်းဌာန၏ သတင်းထောက် ကိုသက်ဦးမောင် (ခ) ဝလုံးနှင့် ကိုကျော်စိုးဦး (ခ) မိုးအောင်တို့၏ အယူခံလျှောက်လွှာကို လက်ခံခဲ့သည်။ အဆိုပါအယူခံ လျှောက်လွှာကို တိုင်းတရားရုံးမှ လက်ခံခဲ့သော်လည်း မည်သည့်ရက်တွင် အမှုအတွက် လျှောက်လဲချက် ပေးရမည်ကို သိရှိရခြင်းမရှိသေးကြောင်း ၎င်းတို့၏ ရှေ့နေ ဦးသန်းဇော်အောင်မှ ပြောကြားခဲ့သည်။ ရိုက်တာသတင်းထောက်နှစ်ဦး နိုင်ငံတော်အစိုးရ လျှို့ဝှက်ချက်များ အက်ဥပဒေဖြင့် ထောင်ဒဏ်ခုနှစ်နှစ်စီ ချမှတ်ခံခဲ့ရခြင်းအပေါ် ၎င်းတို့၏ ရှေ့နေများမှ နိုဝင်ဘာလ ၅ ရက်နေ့တွင် အယူခံတင်ခဲ့သည်။ အယူခံတွင် ရဲတပ်ဖွဲ့မှ အကွက်ဆင် ဖမ်းဆီးခဲ့ကြောင်းနှင့် ရိုက်တာသတင်းထောက် နှစ်ဦးသည် ရာဇဝတ်မှု အထောက်အထား မရှိကြောင်း ဖော်ပြထားသည်။ တရားရုံး၏ စီရင်ချက်သည် မှားယွင်းနေသောကြောင့် အယူခံတင်ရခြင်းဖြစ်သည်ဟု ရိုက်တာသတင်းဌာန၏ ဥက္ကဋ္ဌနှင့် အယ်ဒီတာချုပ် Mr. Stephen J Adler မှ ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။

### ရွှေဘိုအကျဉ်းထောင်သို့ စစ်ကိုင်းတိုင်းတရားလွှတ်တော် တရားသူကြီး သွားရောက်စစ်ဆေး

နိုဝင်ဘာလ ၂ ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ဦးမျိုးမောင်မှ ပြစ်ဒဏ်ကျခံနေရသူများနှင့် အချုပ်ခံနေရသူများ၏အခွင့်အရေးများရရှိရန်အတွက် ရွှေဘိုအကျဉ်းထောင်သို့ သွားရောက် ကြည့်ရှုစစ်ဆေးခဲ့သည်။ ၎င်းသည် ရွှေဘိုအကျဉ်းထောင်အတွင်း ပြစ်ဒဏ်ကျခံနေရသူများနှင့် အချုပ်ကျခံနေရသူများ၏ အဆောင်များ၊ စားဖိုဆောင်များ၊ သောက်သုံးရေကန်များနှင့် ဆေးခန်းတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့သည်။ ဆက်လက်၍ ဥပဒေနှင့်အညီ ရသင့်ရထိုက်သော အခွင့်အရေးများ ခံစားရရှိခြင်း ရှိ၊မရှိ၊ လူ့အခွင့်အရေးဆုံးရှုံးမှုရှိ၊ မရှိ၊ နေရာထိုင်ခင်းသက်သာ ချောင်ချိမှုရှိ၊ မရှိ၊ သင့်တင့်သော အစာအာဟာရ ရရှိမှုရှိ၊ မရှိ၊ ကျန်းမာရေးမကောင်းလျှင် ဆေးကုသခွင့်ရှိ၊ မရှိ၊ ညှဉ်းပန်းနှိပ်စက်မှုနှင့် မတရားပြုမှုရှိ၊ မရှိ၊ အကျဉ်းသူနှင့် အချုပ်သူများကို အမျိုးသမီးလုံခြုံရေး အစောင့်အရှောက်ဖြင့် ထားရှိမှုရှိ၊ မရှိတို့နှင့်စပ်လျဉ်း၍ တာဝန်ရှိသူများကို တွေ့ဆုံမေးမြန်းကာ လိုအပ်ချက်များကို ညှိနှိုင်းအကြံပြုခဲ့သည်။

### ရှေ့နေ ဒေါ်ခင်ခင်ကျော်နှင့် ကိုသန်းထိုက်တို့ကို ထောင်ဒဏ် သုံးလ လျှော့ပေး

နိုဝင်ဘာလ ၅ ရက်နေ့တွင် မင်းလှမြို့နယ်တရားရုံးမှ တရားရေးဂန်ထမ်းများကို တာဝန်ဝတ္တရား နှောင့်ယှက်မှုဖြင့် ထောင်ဒဏ်ခြောက်လ ပြစ်ဒဏ်ချမှတ်ခြင်းခံထားရသော လူ့အခွင့်အရေး ရှေ့နေဒေါ်ခင်ခင်ကျော်နှင့် ဗကသ ကျောင်းသားဟောင်း ကိုသန်းထိုက်တို့ကို ပြစ်ဒဏ်သုံးလ လျှော့ချပေးခဲ့သည်။ ၎င်းတို့သည် အောက်တိုဘာလတွင် အယူခံဝင်ခဲ့ခြင်းဖြစ်ပြီး တရားရုံးမှ အဆိုပါအယူခံကို တစ်စိတ်တစ်ဒေသခွင့်ပြုခြင်းဖြစ်ကြောင်း ယင်းအမှုကို လိုက်ပါဆောင်ရွက်ပေးသည့် တရားလွှတ်တော် ရှေ့နေ ဦးကြီးမြင့်မှ ပြောကြားခဲ့သည်။ ထို့ပြင် ပြစ်မှုနှင့် ပြစ်ဒဏ် မမျှတသည့်အတွက် ဒေါ်ခင်ခင်ကျော်၏ ရှေ့နေလိုင်စင်ကို ရုတ်သိမ်းခြင်းမပြုရန် လာမည့်အပတ်အတွင်း ပြင်ဆင်မှု ဆက်တက်သွားမည်ဟုလည်း ၎င်းမှ ထပ်မံပြောဆိုခဲ့သည်။ ထို့ပြင် ရှေ့နေဒေါ်ခင်ခင်ကျော်ကို အပြီးသတ်လွှတ်ပေးရန်အတွက် တရားလွှတ်တော်ရှေ့နေ ဦးကြီးမြင့်မှ တိုင်းရုံးသို့ ဆက်လက်အယူခံတင်ထားသည်ဟုလည်း သိရှိရသည်။

## ထောင်မှလွှတ်မြောက်မှုများ

### စရဖ တပ်ကြပ် သေဆုံးမှုနှင့်ပတ်သက်၍ ဖမ်းဆီးခြင်းခံထားရသည့် လူငယ် သုံးဦး လွှတ်မြောက်

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၌ စစ်ဘက်ဆိုင်ရာ လုံခြုံရေးတပ်ဖွဲ့မှ တပ်ကြပ် ဝင်းထိုက်သေဆုံးမှုနှင့် ပတ်သက်၍

ဖမ်းဆီးခြင်းခံထားရသော Arakan Youth Conference (AYC) အဖွဲ့ဝင် နှစ်ဦးဖြစ်သော ဘူးသီးတောင်မြို့နယ်မှ ကိုအောင်ချေ (ခ) အောင်ဇော်လင်းနှင့် ပေါက်တောမြို့နယ်မှ ခိုင်ဘိုဘို (ခ) ခိုင်သော်၊ ရခိုင်အမျိုးသားပါတီ (ANP) မှ ကိုမေယုထွန်း (ခ) ဇော်ဝင်း တို့သည် ကျပ်သိန်းတစ်ရာစီ အာမခံဖြင့် နိုဝင်ဘာလ ၅ ရက်နေ့တွင် ပြန်လည်လွတ်မြောက်လာခဲ့သည်။ အဆိုပါ ရခိုင်လူငယ်များကို ဖမ်းဆီးချုပ်နှောင်ထားသည်မှာ ချုပ်ရမန်သက်တမ်း ရက်ပေါင်း ၃၀ ပြည့်ပြီဖြစ်သော်လည်း တရားစွဲတင်ရန် ခိုင်လုံသည့် အချက်အလက်များ မရှိခြင်းကြောင့် ပြန်လွှတ်ပေးခဲ့ခြင်းဖြစ်သည်။ ၎င်းတို့သုံးဦးကို ရခိုင်အမျိုးသားပါတီ (ANP) မှ အာမခံပေးခဲ့သည်။

**ပိုင်နက်ကျူးလွန်မှုဖြင့် တရားစွဲဆိုခြင်းခံထားရသော တောင်သူလေးဦးကို အပြီးသတ်လွှတ်**

နိုဝင်ဘာလ ၆ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်တရားရုံးမှ စဉ့်ကိုင်မြို့နယ်တွင် သိမ်းဆည်းခံ မြေပြဿနာနှင့် ပတ်သက်၍ တရားစွဲဆိုခြင်းခံထားရသော တောင်သူလေးဦးကို အပြီးသတ်လွှတ်ကြောင်း အမိန့်ချမှတ်ခဲ့သည်။ ၁၉၇၂ ခုနှစ်တွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ စဉ့်ကိုင်မြို့နယ်ရှိ ကျေးရွာလေးခုမှ တောင်သူပိုင် မြေဧက ၃,၀၀၀ ကျော်ကို သိမ်းယူခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် ရှမ်းကန်ကျေးရွာရှိ သိမ်းဆည်းခံမြေများကို ငွေပင်လယ် နွားမွေးမြူရေးခြံသို့ ငှားရမ်းခဲ့ကြောင်း ဒေသခံတောင်သူများမှ ပြောကြားခဲ့သည်။ ၂၀၁၆ ခုနှစ်တွင် ငွေပင်လယ် နွားမွေးမြူရေးခြံမှ တောင်သူများ၏ မြေပေါ်တွင် ခြံစည်းရိုးခတ်ရန် လုပ်ဆောင်သောကြောင့် တောင်သူများမှ သွားရောက်တားဆီးခဲ့၍ ခြံတာဝန်ခံမှ ဒေသခံတောင်သူလေးဦးကို ပိုင်နက်ကျူးလွန်မှုဖြင့် ၂၀၁၆ ခုနှစ်၊ မေလတွင် တရားစွဲဆိုခဲ့သည်။ ထိုတောင်သူလေးဦးသည် နှစ်နှစ်ကျော်ကြာ တရားရင်ဆိုင်ခဲ့ရပြီးမှ ထိုကဲ့သို့ အပြီးသတ်လွှတ်ကြောင်း အမိန့်ချမှတ်ခံခဲ့ရခြင်းဖြစ်သည်။

**အီလဲဗင်း သတင်းသမား သုံးဦးကို တရားစွဲဆိုထားမှု ပြန်လည်ရုပ်သိမ်း**

အီလဲဗင်းသတင်းဌာနမှ အယ်ဒီတာချုပ် ဦးကျော်ဇောလင်း၊ တာဝန်ခံအယ်ဒီတာ ဦးနရီမင်း၊ သတင်းထောက်ချုပ် ကိုဖြိုးဝေဝင်းတို့ကို နိုင်ငံတော်အကြည်ညိုပျက်စေမှု ပုဒ်မ ၅၀၅(ခ) ဖြင့် တရားစွဲဆိုထားမှုအပေါ် ရုပ်သိမ်းခွင့်ပြုလိုက်ကြောင်း နိုဝင်ဘာလ ၉ ရက်နေ့ ရုံးချိန်းတွင် တာမွေမြို့နယ် တရားသူကြီး ဒေါ်တင်ဝါဝါသိန်းမှ အမိန့်ချမှတ်ခဲ့သည်။ တရားလိုဖြစ်သူ ရန်ကုန်တိုင်း အစိုးရအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ခိုင်မှ ယနေ့ရုံးချိန်းတွင် မြို့နယ်ဥပဒေရုံးမှတစ်ဆင့် မြို့နယ်တရားရုံးသို့ ရုပ်သိမ်းလွှာတင်ပြခဲ့သည့်အတွက် တရားသူကြီးမှ ယင်းသို့ အမိန့်ချမှတ်ခဲ့ခြင်းဖြစ်သည်။ အောက်တိုဘာလ ၈ ရက်နေ့ထုတ် Weekly Eleven ဂျာနယ်၊ စာမျက်နှာ ၂၆ တွင် ဖော်ပြထားသည့် ဆောင်းပါးရှင် ဖြိုးဝေ ရေးသားထားသော “အမြဲရှုံးနေတဲ့ စက်သုံးဆီဆိုင်တွေ ပိတ်ရေး၊ ငွေ ချေးသူ ဘယ်သူမှန်းမသိတဲ့ ကျောင်းကားနဲ့ လူနာမည်ပေါက်ပြည်သူ့ရှယ်ယာ” ဟူသည့် ဆောင်းပါးပါ အချက်အလက်တချို့နှင့် ပတ်သက်၍ အောက်တိုဘာလ ၉ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ညွှန်ကြားရေးမှူး ဦးအောင်ကျော်ခိုင်မှ တရားရုံးသို့ ဦးတိုက် လျှောက်ထားကာ ၎င်းတို့သုံးဦးကို တရားစွဲဆိုခဲ့ခြင်း ဖြစ်သည်။ ထို့နောက် နိုင်ငံတော် သမ္မတရုံး၏ လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ (MPC) သို့ ထပ်မံ တိုင်ကြားခဲ့ရာ တရားရုံးသို့ ရောက်ရှိနေသည့် အမှုဖြစ်၍ ကြားဝင်ညှိနှိုင်း ဆောင်ရွက်ပေး၍ မရသောကြောင့် အမှုကို ရုပ်သိမ်းပေးရန် လိုအပ်ကြောင်း MPC မှ ရန်ကုန်တိုင်းဒေသကြီး အစိုးရထံ အကြောင်းပြန်ခဲ့သည်။ တိုင်းအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းမှ ဆောင်းပါးပါ အချက်အလက်များ မှားယွင်းကြောင်း ပြန်လည် တောင်းပန်ပေးရန် ပြောဆိုထားပြီး MPC ၏ ညှိနှိုင်းမှု မအောင်မြင်ပါက ဥပဒေကြောင်းအရ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နိုဝင်ဘာလ ၈ ရက် နေ့၌ ပြောကြားခဲ့သည်။

ဒီဇင်ဘာလ ၃ ရက်နေ့တွင် ထိုကိစ္စကို ထပ်မံတွေ့ဆုံညှိနှိုင်းရန်ရှိကြောင်း မြန်မာနိုင်ငံသတင်းမီဒီယာ ကောင်စီဝင် တစ်ဦးမှ ပြောကြားခဲ့သည်။

# နိုင်ငံရေးနှင့်နိုင်ငံသားတို့၏ လွတ်လပ်ခွင့်အပေါ် တားမြစ်ခြင်းများနှင့် ဆန္ဒထုတ်ဖော်မှုများ

**ဖမ်းဆီးခြင်းခံထားရသော ဓမ္မဆရာမနှင့် ကချင်တိုင်းရင်းသားများကို ပြန်လည်လွှတ်ပေး**

နိုဝင်ဘာလ ၄ ရက်နေ့တွင် မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်မှ ၁၂ ရက်ကြာ ဖမ်းဆီးထားသော ကချင်နှစ်ခြင်းခရစ်ယာန် အဖွဲ့ချုပ် (KBC) ဓမ္မဆရာမ တစ်ဦးအပါအဝင် ကချင်အရပ်သား ၁၅ ဦးကို ပြန်လည်လွှတ်ပေးခဲ့သည်။ ၎င်းတို့သည် သွားလာရန် ကန့်သတ်ထားသည့် လမ်းတွင် ခရီးသွားလာခြင်းကြောင့် သံသယရှိ၍ ဖမ်းဆီးစစ်ဆေးခံခဲ့ရခြင်းဖြစ်သည်ဟု ၎င်းတို့ လွတ်မြောက်ရေးအတွက် ကူညီဆောင်ရွက်ပေးနေသည့် ငြိမ်းချမ်းရေး ဆွေးနွေးရေးအကျိုးတော်ဆောင်အဖွဲ့ (PCG) မှ ဦးလမိုင်ဂွန်ဂျာမှ ပြောကြားခဲ့သည်။ အမျိုးသမီးများကို စစ်ဖက်ရေးရာ လုံခြုံရေးစခန်း (စရဖ) တွင် မေးမြန်းစစ်ဆေးခဲ့ပြီး အမျိုးသားများကို မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ တိုင်းတပ်ဖွဲ့ ခလရ (၃၇) စခန်းတွင် မေးမြန်းစစ်ဆေးခဲ့ကြောင်း သိရှိရသည်။ ထို့ပြင် အမျိုးသမီးများသည် စရဖစခန်း၌ ၎င်းတို့ကို စစ်ဆေးသူများမှ ကိုယ်ထိလက်ရောက်မှုမရှိဟူသော ဝန်ခံချက် လက်မှတ်ရေးထိုးခဲ့ရကြောင်း ဖမ်းဆီးခြင်းခံခဲ့ရသူ ကချင်ဓမ္မဆရာမ Hkawng Nyoi မှ ပြောကြားခဲ့သည်။

**ဆက်သွယ်ရေးဥပဒေဖြင့် တရားစွဲဆိုမှု နှစ်လအတွင်း ၁၄ မှုတိုး**

နိုဝင်ဘာလ ၅ ရက်နေ့တွင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် လှုပ်ရှားမှုအဖွဲ့ (Athan) မှ ဆက်သွယ်ရေးဥပဒေဖြင့် တရားစွဲဆိုမှုသည် နှစ်လအတွင်း ၁၄ မှု တိုးလာကြောင်း ထုတ်ပြန်ခဲ့သည်။ နိုဝင်ဘာလ ၅ ရက်နေ့ထိ ဆက်သွယ်ရေးဥပဒေဖြင့် တရားရုံးတင်ပြီးသည့် တရားစွဲဆိုမှု စုစုပေါင်း ၁၆၄ မှုရှိကာ ဆက်သွယ်ရေးဥပဒေ ပြင်ဆင်ပြီးသည့်နောက်တွင် တရားစွဲဆိုခံရမှု ၆၂ မှု ရှိလာကြောင်း အသံအဖွဲ့မှ သတင်းထုတ်ပြန်ခဲ့သည်။ ထို့ပြင် ဆက်သွယ်ရေးဥပဒေဆိုင်ရာတွင် ၆၆ (ဃ) နှင့် ၆၆ (က) ပုဒ်မများဖြင့် တရားစွဲဆိုမှုအများဆုံးပါဝင်ပြီး ၆၈ (က) ဖြင့် စွဲဆိုမှုများလည်း ပါဝင်ကြောင်း အသံအဖွဲ့ အမှုဆောင်အရာရှိ မောင်ဆောင်းခမှ ပြောကြားခဲ့သည်။ ဥပဒေပြင်ဆင်ပြီးနောက် တရားစွဲဆိုမှုများအနက် လွှတ်တော်ကိုယ်စားလှယ်များနှင့် အစိုးရဝန်ထမ်းများမှ တရားစွဲဆိုမှု ၂၀ မှုပါဝင်ကြောင်း အသံအဖွဲ့မှ ပြောဆိုခဲ့သည်။ ထို့ပြင် သတင်းမီဒီယာသမားများအပေါ် ဆက်သွယ်ရေးဥပဒေဖြင့် တရားစွဲဆိုထားမှု ၂၁ မှုရှိပြီး သတင်းသမား ၂၉ ဦးသည် တရားရင်ဆိုင်နေရကြောင်းလည်း ထုတ်ပြန်ခဲ့သည်။

ယခင်အစိုးရလက်ထက်တွင် ဆက်သွယ်ရေးဥပဒေဖြင့် တရားစွဲဆိုမှု ၁၁ မှု၊ NLD အစိုးရ လက်ထက်တွင် ယင်းဥပဒေ မပြင်ဆင်ရသေးမီအချိန်တွင် တရားစွဲဆိုခံရမှု ၉၁ မှုနှင့် ဥပဒေပြင်ဆင်ပြီးနောက် တရားစွဲဆိုခံရမှု ၆၂ မှုရှိကြောင်း အသံအဖွဲ့၏ သုတေသနစာတမ်းတွင် ဖော်ပြထားသည်။

**ရဲတပ်ဖွဲ့မှ ခရီးသွားလုပ်ငန်းရှင်တစ်ဦးကို မှားယွင်း ဖမ်းဆီး၍ နှိပ်စက်**

နိုဝင်ဘာလ ၉ ၇က်နေ့တွင် ရန်ကုန်မြို့ အလုံမြို့နယ် ရဲတပ်ဖွဲ့မှ အလုံမြို့နယ်တွင် နေထိုင်သော ဒီမိုကရက်တစ်မြန်မာ့အသံ (DVB) သတင်းထောက်ဟောင်း၊ ခရီးသွားလုပ်ငန်းတစ်ခုဖြစ်သည့် Babylon Trekking & Camping Tour ၏ ဒါရိုက်တာ ဖြစ်သူ ကိုအောင်စိုးထိုက်ကို ဖုန်းသူခိုးတရားခံနှင့် မှားယွင်းဖမ်းဆီးခဲ့ပြီး နှိပ်စက်ဝန်ခံခိုင်းခဲ့ကြောင်း ကိုအောင်စိုးထိုက်မှ ပြောကြားခဲ့သည်။ ကိုအောင်စိုးထိုက်သည် သမီးဖြစ်သူကို ကျောင်းသွားကြိုရန် လုပ်ဆောင်နေစဉ် အရပ်ဝတ်နှင့် ရဲနှစ်ဦးမှ လာရောက်ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။ အလုံရဲစခန်းအရောက်တွင် သူ့အား အခန်းတွင်း ပိတ်လှောင်၍ ရဲများမှ ကြမ်းတမ်းသည့် ဆဲဆိုမှုများနှင့် ဝိုင်းဝန်းထိုးကြိတ်ကာ ဖုန်းသူခိုးအဖြစ် အတင်းအကြပ် ဝန်ခံခိုင်းခဲ့ကြောင်း ကိုအောင်စိုးထိုက်မှ ပြောကြားခဲ့သည်။ အလုံမြို့နယ်ရဲစခန်းမှ မြို့နယ်မှူးရောက်လာမှသာ မဟုတ်ကြောင်းပြော၍ ည ၁၁ နာရီခန့်တွင် ပြန်လွှတ်ပေးခဲ့ကြောင်း ကိုအောင်စိုးထိုက်မှ ပြောကြားခဲ့သည်။

ဖြစ်စဉ်ကို တိုင်းရဲတပ်ဖွဲ့သို့ တင်ပြထားပြီး မှားယွင်းဖမ်းဆီးကာ ကိုယ်ထိလက်ရောက်ကျူးလွန်သူ တပ်ဖွဲ့ဝင်များကို ရဲစည်းကမ်း ထိန်းသိမ်းရေးအရ အရေးယူရန် အထက်တာဝန်ရှိ သူများမှ ဆုံးဖြတ်မည်ဟု အလုံမြို့နယ်ရဲတပ်ဖွဲ့မှ

တာဝန်ရှိသူများမှ ပြောဆိုခဲ့သည်။ ထိုကဲ့သို့ဖြစ်စဉ်များ ယွင်းဖမ်းဆီးခဲ့မှုအပေါ် နိုဝင်ဘာလ ၁၇ ရက်နေ့တွင် အလုံမြို့နယ်ရဲစခန်းမှ မြို့နယ်မှူးအပါအဝင် ရဲတပ်သားများမှ ကိုအောင်စိုးထိုက်ကို ပြန်လည်တောင်းပန်ခဲ့သည်။ ကိုအောင်စိုးထိုက်မှ အမှုရှည်ကြာမည်စိုး၍ တရားစွဲဆိုခြင်း မပြုတော့သော်လည်း လက်ရောက်ကျူးလွန်ခဲ့သော တပ်ဖွဲ့ဝင်များကို မည်ကဲ့သို့ အရေးယူမည်ကိုစောင့်ကြည့်မည်ဟု ပြောကြားခဲ့သည်။

**အငှားယာဉ်မောင်း သေဆုံးမှုအတွက် လူ့အခွင့်အရေး ကော်မရှင် စစ်ဆေး**

သန်လျင်မြို့နယ်မှ ရဲတပ်ဖွဲ့ဝင်များ၏ ရိုက်နှက်မှုကြောင့် အငှားယာဉ်မောင်း ကိုအောင်အောင် သေဆုံးခဲ့မှုနှင့် ပတ်သက်၍ ၎င်း၏မိသားစုဝင်များ၏ တိုင်ကြားမှုအပေါ် မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်မှ နိုဝင်ဘာလ ၂၇ ရက်နေ့တွင် ကွင်းဆင်း စစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။ ခိုးမှုကြံရာပါ သံသယဖြင့် ဖမ်းဆီးခြင်းခံခဲ့ရသည့် ကိုအောင်အောင်သည် စစ်ဆေးမှုခံယူနေစဉ်အတွင်း သေဆုံးခဲ့သည်နှင့် ပတ်သက်၍ ၎င်း၏မိခင် ဒေါ်အေးမှ အဆိုပါကိစ္စအား စစ်ဆေးပေးရန် နိုဝင်ဘာလ ၁၈ ရက်နေ့တွင် ကော်မရှင်သို့ တိုင်ကြားခဲ့သည်။ မသင်္ကာမှုဖြင့် ဖမ်းဆီးချုပ်နှောင် စဉ်တွင် ရဲတပ်ဖွဲ့ဝင်များ၏ စစ်ဆေး မေးမြန်းမှုများနှင့် ပတ်သက်၍ ကော်မရှင်ထံသို့ တိုင်ကြားစာရောက်ရှိမှုသည့် ပမာဏသည် ပိုမိုမြင့်တက်လာပြီး အာဏာပိုင်အဖွဲ့အစည်းများအနေဖြင့် ရဲလက်စွဲလုပ်ထုံးလုပ်နည်းနှင့် ကျင့်ထုံးဥပဒေတို့အရ ပေးအပ်ထားသည့် အခွင့်အာဏာများကို တိကျစွာလိုက်နာရန်လိုအပ်ကြောင်း ကော်မရှင်အတွင်းရေးမှူး ဦးဘုန်းကြွယ်မှ ပြောကြားခဲ့သည်။ သန်လျင်မြို့နယ်၊ ဗိုလ်ချုပ်နေဝင်းလမ်းတွင် နေထိုင်သော အငှားယာဉ်မောင်း ကိုအောင်အောင်သည် စက်တင်ဘာလ ၁၂ ရက်နေ့တွင် သန်လျင်မြို့နယ်အတွင်း၌ ခရီးသည် အမျိုးသားနှစ်ဦးအား ပို့ဆောင်ပေးနေစဉ် ရဲမှ ပိတ်ဆို့ရှာဖွေသည့်နေရာ အရောက်တွင် ခရီးသည်နှစ်ဦးနှင့် အတူပါလာသည့် ဘက်ထရီအိုးနှစ်အိုးသည် ခိုးရာပါပစ္စည်းများဖြစ်ကြောင်း၊ ထိုခိုးမှုတွင် ၎င်းအား ပါဝင်သည်ဟု ရဲမှယူဆကာ သန်လျင်မြို့နယ် ရဲစခန်းသို့ ဖမ်းဆီးခေါ်ဆောင်သွားခြင်းခံခဲ့ရသည်။ ၎င်းသည် သန်လျင်မြို့မရဲစခန်း၏ အချုပ်ခန်းတွင် ဖမ်းဆီးချုပ်နှောင်ခြင်းခံခဲ့ရစဉ်၌ ရဲတပ်ဖွဲ့ဝင်များ၏ နှိပ်စက်ညှဉ်းပမ်းမှုကြောင့် ရရှိခဲ့သည့် ဒဏ်ရာများဖြင့် စက်တင်ဘာလ ၂၆ ရက်နေ့တွင် သန်လျင်ဆေးရုံ၌ သေဆုံးသွားခဲ့သည်။

**စစ်တပ်ထောက်ခံပွဲတွင် ပါဝင်ရန်အတွက် ပအိုဝ်းတိုင်းရင်းသားများ ဖိအားပေးစေခိုင်းခြင်းခံရ**

နိုဝင်ဘာလ ၁၄ ရက်နေ့တွင် အာဏာပိုင်များ၏ ဖိအားပေးစေခိုင်းမှုကြောင့် ရာနှင့်ချီသော ဒေသခံပအိုဝ်းတိုင်းရင်းသားများသည် ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးမြို့တွင် တပ်မတော်ထောက်ခံပွဲ ကျင်းပခဲ့ကြသည်။ ဒေသခံများသည် အဆိုပါ ထောက်ခံပွဲတွင် ပါဝင်ရန်အတွက် အခကြေးငွေရရှိခြင်း ရှိ၊ မရှိဆိုသည်ကို စုံစမ်းဆဲဖြစ်သည်။ ဒေသခံများသည် ချီတက်ပွဲတွင် ပါဝင်ခြင်းမရှိလျှင် ရွာမှနှင်ထုတ်ခြင်းခံရမည် အစရှိသော ခြိမ်းခြောက်မှုများကို အာဏာပိုင်များမှ လုပ်ဆောင်တတ်သည်ဟု သိရှိရသည်။ အစိုးရအဖွဲ့ လူမှုကွန်ယက်နှင့် အမျိုးသားလုံခြုံရေးစင်တာ (SNNS) သည် ယခင်ကာလတွင်လည်း စစ်တပ်ထောက်ခံပွဲနှင့် ပတ်သက်၍ အကူအညီပေးရန်အတွက် ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO) အား တောင်းဆိုခဲ့ဖူးသည်။

ယင်းချီတက်ပွဲနှင့် ပတ်သက်၍ ၎င်းထံတွင် ဆက်သွယ်၍ အကူအညီတောင်းခံခဲ့ခြင်းမရှိဟု PNO ၏ အလုပ်မှုဆောင်ကော်မတီ အဖွဲ့ဝင်ဖြစ်သူ စောခွန်ကျော်ဝင်းမှ အတည်ပြုခဲ့သည်။ သို့ရာတွင် ၎င်းသည် ယင်းထောက်ခံပွဲနှင့် ပတ်သက်၍ အခြားသော ပြည်သူ့စစ်မှ ပါဝင်ပတ်သက်ခြင်းရှိ၊ မရှိကို အတည်ပြု ပြောကြားခြင်းမရှိခဲ့သော်လည်း ယင်းထောက်ခံပွဲတွင် ပါဝင်ရန်အတွက် အာဏာပိုင်များမှ ပအိုဝ်းပြည်သူလူထုအား ဖိအားပေးစေခိုင်းခဲ့ခြင်းနှင့် ပတ်သက်၍ ငြင်းဆန်ခဲ့ခြင်းမရှိပေ။ ထို့ပြင်ပအိုဝ်းလူမျိုးများသည် အသုံးချခံနေရသည်၊ အာဏာပိုင်များမှလည်း ပအိုဝ်းလူမျိုးများအား အသုံးချခြင်းဖြစ်သည်ဟု ၎င်းမှ ထပ်မံပြောကြားခဲ့သည်။ တောင်ကြီးမြို့ခံ ပအိုဝ်းတိုင်းရင်းသားများသည် အာဏာပိုင်များ၏ အပြစ်ပေးခြင်းကို ကြောက်ရွံ့၍ ၎င်းတို့၏ အမိန့်များကို လိုက်နာရသည့်အတွက် အခြားသော တိုင်းရင်းသားများမှ ၎င်းတို့အား အမြင်မှားမည်ကို စိုးရိမ်နေကြသည်။

**ထားဝယ်တွင် နဝမတန်းကျောင်းသား တစ်ဦးကို သူခိုးဟု သံသယဖြင့် ဖမ်းဆီးစစ်ဆေးခဲ့၍ ဆေးရုံတင်ကုသရ**

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ဆေးရုံကြီးဝင်းအတွင်း၌ နေထိုင်သော နဝမတန်းကျောင်းသား တစ်ဦးအား ထားဝယ်မြို့မရဲစခန်းမှ ရဲတပ်ဖွဲ့များမှ သူခိုးဟုဆိုကာ သံသယဖြင့် ဖမ်းဆီးရိုက်နှက်စစ်ဆေးခဲ့သောကြောင့် ဆေးရုံတင်ထားရကြောင်း ကျောင်းသား၏ ဖခင် ဦးကျော်စိုးမိုးမှ ပြောကြားခဲ့သည်။ နိုဝင်ဘာလ ၁၅ ရက်နေ့တွင် ထိုကျောင်းသားသည် မိခင်ဖြစ်သူနှင့် စကားများ၍ အိမ်ပေါ်မှ

ဆင်းခဲ့သည်။ ထိုသို့ အိမ်ပေါ်မှ ဆင်းခဲ့ပြီးနောက် ဆေးရုံဝင်းအတွင်း သွားလာနေခဲ့စဉ် ဆေးရုံလုံခြုံရေးတာဝန်ကျ ရဲတပ်ဖွဲ့ဝင်များမှ ၎င်းအား သူခိုးဟုဆိုကာ ဖမ်းဆီးခဲ့သည်။ ထို့နောက် ဆေးရုံအချုပ်ခန်းအတွင်း ယင်းကျောင်းသားကို လက်ထိတ်ခတ်၍ ရဲတပ်ဖွဲ့ဝင် လေးဦးအနက်မှ ဒုရဲအုပ်အဆင့်ရှိ ရဲအရာရှိ တစ်ဦးတည်းမှ မျက်နှာနှင့် နားထင်ကို ဖိနပ်ဖြင့် ထိုးကြိတ်ရိုက်နှက်၍ စစ်ဆေးခဲ့သည်။

အဆိုပါ ဖြစ်စဉ်နှင့် ပတ်သက်၍ နိုဝင်ဘာလ ၁၆ ရက်နေ့တွင် ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရဲတပ်ဖွဲ့ဝင်တချို့မှ ခွင့်လွှတ်ပေးရန်နှင့် အမှုဖွင့်တိုင်ကြားခြင်းမပြုရန် လာရောက်တောင်းပန်ခဲ့ကြောင်း ဦးကျော်စိုးမိုးမှ ထပ်မံပြောကြားခဲ့သည်။ ထို့ကြောင့် သားဖြစ်သူကို ရိုက်နှက်ခဲ့သူများအား အရေးယူပေးရန် အမှုမဖွင့်လိုသော်လည်း ၎င်းတို့ကို ရဲတပ်ဖွဲ့၏ စည်းကမ်းများအတိုင်း အရေးယူပေးရန် လိုလားကြောင်း ၎င်းမှ  ဆက်လက်ပြောဆိုခဲ့သည်။

**တပ်မတော်မှ ဖမ်းဆီးခေါ်ဆောင်သွားခဲ့သော အရပ်သား ၁၀ ဦးအနက် ငါးဦး ပြန်လည် လွတ်မြောက်**

ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကွတ်ခိုင်မြို့နယ်အတွင်း တပ်မတော်မှ ဖမ်းဆီး ခေါ်ဆောင်သွားသည့် ရွာသား ၁၀ ဦးအနက် နှစ်နှစ်အရွယ် ကလေးငယ်တစ်ဦး၊ ၁၅ ရက်သားကလေးငယ်တစ်ဦးနှင့် ၎င်းတို့၏ မိခင်အပါအဝင် အမျိုးသား တစ်ဦး၊ အမျိုးသမီး တစ်ဦး၊ စုစုပေါင်း ငါးဦးတို့သည် နိုဝင်ဘာလ ၂၂ ရက်နေ့တွင် ပြန်လည် လွတ်မြောက်လာခဲ့သည်။

နိုဝင်ဘာလ ၂၀ ရက်နေ့၊ နံနက် သုံးနာရီခွဲအချိန်ခန့်တွင် ကွတ်ခိုင်အခြေစိုက် စစ်ဗျူဟာ တပ်မတော်ခြေလျင်တပ်ရင်း ခလရ (၄၅) မှ ဗိုလ်ကြီး ချမ်းမြေ့ထွန်းကို တအာင်းလွတ်မြောက်ရေးတပ်မတော် (TNLA)မှ ကွတ်ခိုင်မြို့နယ်၊ နမ့်ဟူကျေးရွာနှင့် မန်ပန်ကျေးရွာ၏ ကားလမ်းပေါ်တွင် ဖမ်းဆီးခဲ့သည်။ ဗိုလ်ကြီးချမ်းမြေ့ထွန်းဖမ်းဆီးခြင်းခံခဲ့ရပြီးနောက် နိုဝင်ဘာလ ၂၀ ရက်နေ့၊ နေ့လည်ပိုင်းတွင် ပလောင် (တအန်း) လူမျိုးများဖြစ်သည့် ပန်ကူစစ်ရှောင်စခန်းတွင် နေထိုင်ကြသော မီးဖွားပြီးသည်မှာ ရှစ်ရက်ခန့်သာ ရှိသေးသည့် လွေးအမ်ကျာနှင့် သူမ၏ ကလေးနှစ်ဦး၊ အိမ်နီးချင်း လွေးအီလောကနှင့် တားအိုက်ထွန်း၊ ဟိုနောင်ကျေးရွာအုပ်စု၊ မန်ဆာရွာရှိ စစ်ဘေးဒုက္ခသည်စခန်းတွင် နေထိုင်သည့် တားအိုက်ဌေး၊ ဖယိုင်ကျေးရွာအုပ်စု၊ ဖယိုင်ရွာမှ ဖယိုင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး မိုင်းအိုက်လင်း၊ လွေးအေးလှူ၊ ဟိုနောင် ကျေးရွာအုပ်စု၊ တုန်ဆင်အွန်ကျေးရွာမှ ရွာသား မိုင်းအလုံဆွေ၊ အင်မိန်းကျေးရွာအုပ်စု၊ နမ့်ထမ်ကျေးရွာမှ ရွာသား မိုင်းအိုင်ဆွေတို့ကို ခလရ ၄၅ နှင့် တပ်မ ၉၉ ပူးပေါင်းစစ်ကြောင်းမှ တပ်သား အယောက် ၅၀ ခန့်မှ  လာရောက် ဖမ်းဆီးခေါ်ဆောင်ခဲ့သည်။

**ဝန်ကြီးချုပ်အပြောင်းအလဲ သတင်းဖော်ပြသည့် The Speaker ဂျာနယ်နှင့် သမ္မတရုံး အငြင်းပွားမှု ပြေလည်**

ဝန်ကြီးချုပ်လေးဦးနှင့် ဝန်ကြီးတချို့ကို အနားပေးမည်ဟူသောသတင်းအား ရေးသားဖော်ပြခဲ့သည့် The Speaker ဂျာနယ် နှင့် နိုင်ငံတော်သမ္မတရုံးအကြား၌ ဖြစ်ပွားခဲ့သော အငြင်းပွားမှုပြဿနာသည် ပြေလည်သွားပြီဟု မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၏ ဥက္ကဋ္ဌ ဦးအုန်းကြိုင်မှ ပြောကြားခဲ့သည်။ ယင်းကိစ္စအား ကောင်စီ၌ ညှိနှိုင်းဖြေရှင်းပြီးသည့်နောက်တွင် နှစ်ဖက်စလုံးပြေလည်ခဲ့ခြင်းဖြစ်သည်ဟု ၎င်းမှ ထပ်မံပြောကြားခဲ့သည်။ ထို့ပြင် The Speaker ဂျာနယ်မှ ၎င်း၏ လူမှုကွန်ယက်စာမျက်နှာတွင် တောင်းပန်စာကို ရေးသားဖော်ပြခဲ့သည့်ပြင် ဒီဇင်ဘာလ ၅ ရက်နေ့တွင် ထွက်ရှိမည့် ၎င်းတို့၏ ဂျာနယ်၌ ထပ်မံ၍ တောင်းပန်မည်ဟု ၎င်းမှ ဆက်လက်ပြောကြားခဲ့သည်။

နိုဝင်ဘာလ ၂၃ ရက်နေ့တွင် ပြည်နယ်နှင့် တိုင်းဒေသကြီးမှ ဝန်ကြီးချုပ်လေးဦးအပါအဝင် ဝန်ကြီးတချို့ကို လပိုင်းအတွင်း အနားပေးမည်ဖြစ်ပြီး အနားပေးမည့်စာရင်းတွင် မန္တလေးတိုင်းဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးတို့ မပါဝင်ကြောင်း The Speaker သတင်းဂျာနယ်မှ ဖော်ပြခဲ့သည်။ နိုင်ငံတော် သမ္မတမှ သတင်းမီဒီယာကောင်စီသို့ အဆိုပါကိစ္စနှင့် ပတ်သက်၍ အရေးယူဆောင်ရွက်ပေးရန် နိုဝင်ဘာလ ၂၃ ရက်နေ့တွင် ကောင်စီဝင်အသစ်များ၏ ကတိသစ္စာပြုပွဲ၌ ဦးအုန်းကြိုင်အား သမ္မတ ဦးဝင်းမြင့်မှ ပြောကြားခဲ့ပြီးနောက် သမ္မတရုံး၏ တိုင်ကြားစာပါ ပေးအပ်ခဲ့သည်။ ထိုသတင်းဖော်ပြမှုနှင့်ပတ်သက်၍ သတင်းအရင်းအမြစ်သည် နိုင်ငံတော် သမ္မတရုံးနှင့် နီးစပ်သူတစ်ဦးဟု ဖော်ပြခဲ့သော်လည်း သမ္မတရုံးမှ သတင်းအရင်းအမြစ်များ မဟုတ်သည့်ပြင် သမ္မတရုံးမှ အတည်ပြုချက် ရယူခဲ့ခြင်းမရှိဘဲ ကြားသိခဲ့သည့် အချက်အလက်များကို အခြေခံ၍ ရေးသားခဲ့ခြင်းဖြစ်သောကြောင့် ခိုင်လုံခြင်းမရှိဘဲ သမ္မတရုံးနှင့် တာဝန်ရှိသူများ၊ စာဖတ်သူများကို ပြန်လည်ရှင်းလင်း တောင်းပန်ရန် တိုင်ကြားစာတွင် ရေးသားဖော်ပြထားသည်။

**ကချင်စစ်ဘေးရှောင် နှစ်ဦးကို တပ်မတော်မှ ဖမ်းဆီး ရိုက်နှက်ခဲ့**

ကချင် လွတ်မြောက်ရေး တပ်မတော် (KIA) ယူနီဖောင်း ဝတ်ဆင်ထားသူများ ကနေသည့် သီချင်းမှတ်တမ်းကို ဖုန်းအတွင်း ထည့်ထားသည့်အတွက် ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကွတ်ခိုင်မြို့နယ်၊ အမှတ် (၆) ရပ်ကွက်၊ ကချင်နှစ်ခြင်း ခရစ်ယာန် အသင်းတော် (KBC 2) ဝန်းရှိ စစ်ဘေးရှောင် စခန်းတွင် နေထိုင်ကြသော အသက် ၄၀ အရွယ် ဦးအင်ခွန်ဇော်တောင်နှင့် အသက် ၂၀ အရွယ်ရှိ မောင်လဖိုင်ဇော်ဝမ်တို့ကို တပ်မတော် တပ်ဖွဲ့ဝင်များမှ ငါးနာရီကြာ ဖမ်းဆီး ရိုက်နှက်ခဲ့သည်။ လက်ရှိတွင် ဦးဇော်တောင်နှင့် မောင်ဇော်ဝမ်တို့ နှစ်ဦးလုံးသည် လမ်းလျှောက်နိုင်ခြင်းမရှိဘဲ ခြေသလုံး၊ ဦးခေါင်းနှင့် ခန္ဓာကိုယ်များတွင် ရိုက်နှက်ခံထားရသည့် ဒဏ်ရာများရှိနေသည်ဟု စစ်ဘေးရှောင်စခန်းတာဝန်ခံ ဒေါ်ဘောက်တောင်မှ ပြောကြားခဲ့သည်။

၎င်းတို့နှစ်ဦးသည် ကချင်နှစ်ခြင်း ခရစ်ယာန်အသင်းတော်၏ ဘောလီဘောပြိုင်ပွဲတွင် ပါဝင်ရန် ရွေးချယ်ခြင်းခံထားရသူများဖြစ်ပြီး ဘောလီဘောယှဉ်ပြိုင်ပွဲကို နိုဝင်ဘာလ ၂၇ ရက်တွင် ကျင်းပမည်ဖြစ်သည့်အတွက် နိုဝင်ဘာလ ၂၆ ရက်နေ့တွင် ၎င်းတို့သည် အစမ်းလေ့ကျင့်ရန် မန်ပြိန်းကျေးရွာသို့ သွားရာတွင် လမ်း၌ ဖမ်းဆီးခံခဲ့ရခြင်းဖြစ်သည်။ KIA ယူနီဖောင်းဝတ် စစ်သားများက နေကြသည့် သီချင်း ရုပ်သံမှတ်တမ်းမှာ ၂၀၁၇ ခုနှစ်ကတည်းက လူမှုကွန်ရက် စာမျက်နှာတွင် ပျံ့နှံ့နေခဲ့ခြင်းဖြစ်သည်။ ၎င်းတို့နှစ်ဦး ဖမ်းဆီးခံခဲ့ရသည့် သတင်းကိုရရှိသဖြင့် နိုဝင်ဘာလ ၂၆ ရက်နေ့တွင် စခန်းကော်မတီဝင်များမှ ရပ်ရွာအုပ်ချုပ်ရေးမှူးများကို အကူအညီတောင်းခဲ့သောကြောင့် ညနေ ၅ နာရီတွင် ၎င်းတို့နှစ်ဦး ပြန်လည်လွတ်မြောက်လာခဲ့သည်။

**ကွတ်ခိုင်တွင် လက်နက်ကိုင်တပ်ဖွဲ့ တစ်ဖွဲ့မှ လူငယ်ခြောက်ဦးကို ဖမ်းဆီးခေါ်ဆောင်**

ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကွတ်ခိုင်မြို့၌ နိုဝင်ဘာလ ၂၆ ရက်နေ့၊ ည ၇ နာရီအချိန်ခန့်တွင် လက်ဖက်ရည်ဆိုင်ထိုင်နေသော လူငယ်ခြောက်ဦးကို လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့မှ ကားသုံးစီးဖြင့် လာရောက် ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။ ၎င်းတို့ပြန်လည်လွတ်မြောက်ရေးအတွက် ကူညီရန် မြို့နယ်အုပ်ချုပ်ရေးတာဝန်ရှိသူများအား ဒေသခံများမှ တောင်းဆိုထားသည်။ ကွတ်ခိုင်မြို့နယ်တွင် တပ်မတော်အပြင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ဖြစ်သော ကချင်လွတ်မြောက်ရေးတပ်မတော်(KIA)၊ တအာင်းအမျိုးသား လွတ်မြောက်ရေးတပ်မတော် (TNLA)၊ မြန်မာအမျိုးသား ဒီမိုကရက်တစ် မဟာမိတ်တပ်မတော် (MNDAA) တို့ လှုပ်ရှားနေပြီး လူငယ်ခြောက်ဦးကို တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့တစ်ခုမှ ဖမ်းဆီးခြင်းဖြစ်သည်ဟု ဒေသခံများမှ အခိုင်အမာ ပြောကြားလျှက်ရှိသည်။

**ရှမ်းမြောက်စစ်ရေးပဋိပက္ခကြောင့် ကောက်ရိတ်နေသည့် ကျောက်မဲဒေသခံ တစ်ဦးကို ဖမ်းဆီး**

ရှမ်းပြည်မြောက်ပိုင်း၊ ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ/ရှမ်းပြည်တပ်မတော် (RCSS/SSA) နှင့် မြောက်ပိုင်း မဟာမိတ်တပ်ဖွဲ့အကြား ဖြစ်ပွားနေသည့် စစ်ရေးပဋိပက္ခကြောင့် တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့ တစ်ဖွဲ့မှ ကောက်ရိတ်နေသည့် ကျောက်မဲမြို့နယ် ကျေးလက်ဒေသခံ တစ်ဦးအား ဖမ်းဆီး ခေါ်ဆောင်သွားခဲ့သည်။

နိုဝင်ဘာလ ၂၅ ရက်နေ့၊ ည ၁၁ နာရီအချိန်တွင် ကျောက်မဲမြို့နယ်၊ ပုံးလုံရွာမှ စိုင်းသြဘာအား ရွာထဲဝင်လာသည့် လက်နက် ကိုင်တပ်ဖွဲ့တပ်ဖွဲ့ တစ်ဖွဲ့မှ ဝင်ရောက်ဖမ်းဆီးသွားခြင်းဖြစ်ကြောင်း ဆွေမျိုးတော်စပ်သူ ပုံးလုံရွာသား တစ်ဦးမှ ပြောကြားခဲ့သည်။ အသက် ၅၀ ကျော်အရွယ်ရှိ စိုင်းသြဘာသည် ပုံးလုံအုပ်စု အုပ်ချုပ်ရေးမှူးဟောင်း တစ်ဦးဖြစ်ပြီး သားသမီး ငါးဦးရှိသည်။

**မွန်ဝန်ကြီးချုပ်ကို အရေးယူရန် မရှိကြောင်း NLD ပြောကြား**

တိုင်ကြားစာများရှိ၍ မွန်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာအေးဇံကို အရေးယူမည်ဆိုသည့် သတင်းသည် မိမိအနေဖြင့် မှားယွင်းပြောဆိုမိခြင်းဖြစ်ကြောင်း အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီ၏ ပြောရေးဆိုခွင့်ရှိသူ ဒေါက်တာမျိုးညွန့်မှ ပြောကြားခဲ့သည်။ "တိုင်စာများရှိ၍ မွန်ဝန်ကြီးချုပ်ကို သတိပေးမည်ဟု NLD ပြော" ဆိုသည့် ခေါင်းစဉ် ဖြင့် ဧရာဝတီသတင်းဌာနမှ နိုဝင်ဘာလ ၂၈ ရက်နေ့ ရက်စွဲဖြင့် ရေးသားဖော်ပြခဲ့သည့် သတင်းနှင့် ပတ်သက်၍ ကယားဝန်ကြီးချုပ်အား ဘုရားကျောင်းမြေယာကိစ္စ တိုင်ကြားမှုနှင့် မှားယွင်းဖြေကြားခဲ့မိခြင်းဖြစ်ပြီး ဒေါက်တာအေးဇံနှင့် ပတ်သက်၍ တိုင်ကြားချက်တစ်စုံ တစ်ရာမရှိသေးကြောင်း ဒေါက်တာ မျိုးညွန့်မှ ဆက်လက်ပြောကြားခဲ့သည်။ ထို့ပြင် နိုဝင်ဘာလ ၂၈ ရက်နေ့တွင် မွန်ပြည်နယ်၊ မော်လမြိုင်မြို့၌ ကျင်းပပြုလုပ်ခဲ့သော သတင်းစာရှင်းလင်းပွဲတွင် ဒေါက်တာအေးဇံမှ အဆိုပါ ကိစ္စနှင့် ပတ်သက်

၍ မဟုတ်မှန်ကြောင်းနှင့် NLD ပါတီ သည်လည်း မိမိအား ပြောဆိုထားခြင်းမရှိကြောင်း ပြောကြားခဲ့သည်။

**မိုးညှင်းမြို့မ ရဲတပ်ဖွဲ့မှ ABSDF မြောက်ပိုင်း ဒုဥက္ကဌ အပါ အဝင် သုံးဦးကို ဖမ်းဆီး**

နိုဝင်ဘာလ ၃၀ ရက်နေ့တွင် ကချင်ပြည်နယ်၊ မိုးညှင်းမြို့ မရဲစခန်းမှ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုက ရက်တစ်တပ်ဦး (ABSDF) ၏ မြောက်ပိုင်းဒုဥက္ကဌ ဦးအောင်ဆွေဦး၊ ဗိုလ်မောင်ဦးနှင့် အရပ်သား ကိုသန်း ထိုက်အောင်တို့ကို မတရားအသင်းဆက်သွယ်မှုဥပဒေ ပုဒ်မ ၁၇ (၁) ဖြင့် ဖမ်းဆီးခဲ့သည်။ ၎င်းတို့သုံးဦးသည် မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်နယ်မြေ၊ ကချင်လွတ်မြောက် ရေးတပ်မတော် (KIA)၏ လှုပ်ရှားမှုနယ်မြေအတွင်းသို့ ခွင့်ပြုချက်မရရှိဘဲ ဝင်ရောက်နေထိုင်ခဲ့သည့်အတွက် မိုး ညှင်းမြို့ အခြေစိုက် ခြေလျင်တပ်ရင်း ခလရ ၁၅ မှ ဗိုလ်ကြီး သီဟစိုးမှ ၎င်းတို့ကို မတရားအသင်း ဆက်သွယ် မှု ဥပဒေ ပုဒ်မ ၁၇ (၁) ဖြင့် အမှုဖွင့် အရေးယူဆောင် ရွက်ပေးရန် မိုးညှင်းမြို့မရဲစခန်း၊ စခန်းမှူးထံသို့ စာပို့ထား သည်။

ABSDF မြောက်ပိုင်းတွင် တာဝန်ထမ်းဆောင်နေသည့် ရဲဘော်နိုင်ထွန်းထွန်းသည် မိုးညှင်းမြို့တွင် ကွယ်လွန်သွား သဖြင့် ABSDF ဒုဥက္ကဌ ဦးအောင်ဆွေဦးမှ အဖွဲ့အစည်း အရ ပြန်တမ်းစာ လာဖတ်ခြင်းဖြစ်သည်ဟု မိုးညှင်းမြို့ အခြေစိုက်၊ ငြိမ်းချမ်းရေးအထောက်အကူပြုအဖွဲ့မှ ဦးစိန် အေးမှ ပြောကြားခဲ့သည်။ မိုးညှင်းမြို့၊ ပြည်နယ်လွှတ် တော် ကိုယ်စားလှယ် ဦးတင်အေးမှလည်း ABSDF ဒုဥက္က ဌတွင် နေပြည်တော်မှ ပေးထားသည့် ခရီးသွားလာ ခွင့် ခွင့်ပြုစာ ပါသော်လည်း မိုးညှင်းမြို့အရောက်တွင် သက် ဆိုင်ရာများကို အကြောင်းမကြားသဖြင့် မြောက်ပိုင်း တိုင်း စစ်ဌာနချုပ် ညွှန်ကြားချက်ဖြင့် ဖမ်းဆီးခံခဲ့ရခြင်း ဖြစ်သည် ဟုသိထားကြောင်းပြောကြားခဲ့သည်။

## ▶ လယ်ယာမြေအငြင်းပွားမှုများ

**မြေယာသိမ်းပိုက်မှုဖြစ်စေသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို တိုင်းရင်းသားများ ကန့်ကွက်**

၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်နေ့တွင် အစိုးရမှ ပြဋ္ဌာန်းခဲ့သော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲ ရေးဥပဒေကို ကန့်ကွက်ရန်အတွက် မြေယာနှင့်ပတ်သက် သည့် ဆွေးနွေးပွဲကို ပြည်နယ်အသီးသီးရှိ မြေယာအရေး လှုပ်ရှားသူ ၃၄ ဦးမှ နိုဝင်ဘာလ ၁၀ ရက်နေ့မှ နိုဝင် ဘာလ ၁၁ ရက်နေ့ထိ ကျင်းပပြုလုပ်ခဲ့သည်။ ယင်းဥပဒေ သည် တိုင်းရင်းသားများ၏ အခွင့်အရေးနှင့် ဓလေ့ထုံး တမ်းအရ စီမံပိုင်ဆိုင်ခွင့်များကို အသိအမှတ်မပြုဘဲ တ ဖက်သတ် ရေးဆွဲထားသည့် ဥပဒေဖြစ်သောကြောင်း တိုင်းရင်းသား လူမှုအဖွဲ့အစည်းများမှ ကန့်ကွက်ခဲ့သည်။

ယင်းပြင် အစိုးရသည် အဆိုပါဥပဒေကို အကောင်အထည် ဖော်မည်ဆိုလျှင် မိရိုးဖလာအရ မြေယာအသုံးပြုမှုကို ကျင့် သုံးနေသည့် ဒေသခံတိုင်းရင်းသား ပြည်သူများအတွက် ခြိမ်းခြောက်မှုဖြစ်စေသည်ဟု မွန်ဒေသ မိရိုးဖလာမြေယာ အသုံးပြုမှု လေ့လာဖော်ထုတ်ရေးကော်မတီဝင် နိုင်စဝေါ မွန်မှ ပြောကြားခဲ့သည်။ ထို့ပြင် ထိုဥပဒေကြောင့် ကချင်၊ ရှမ်းအပါအဝင် တိုင်းရင်းသားစစ်ဘေးရှောင်များ၏ မြေယာ များကို ကုမ္ပဏီနှင့် လုပ်ငန်းရှင်များမှ မှတ်ပုံတင်ကာ သိမ်း ပိုက်ရယူသွားမည်ကို စိုးရိမ်ကြောင်း နိုဝင်ဘာလ ၂၇ ရက် နေ့တွင် ကချင်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ စစ်ဘေး ရှောင်များမှ သဘောထား ထုတ်ပြန်ခဲ့သည်။

**အငြင်းပွားလယ်ယာမြေပေါ်တွင် စိုက်ပျိုးလုပ်ကိုင်နေသူ များကို အင်အားသုံးဖယ်ရှား**

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရေဝတီမြစ်ဆိပ် အနီးရှိ တောင်သူ ဦးပေါက်စမိသားစု စိုက်ပျိုးလုပ်ကိုင် နေသည့် အငြင်းပွားလယ်ယာမြေပေါ်တွင် ရေကြောင်း ရဲတပ်ဖွဲ့ခွဲ(မန္တလေး)မှ ရဲတပ်ဖွဲ့အင်အား ၃၀၀ ခန့် မှ နိုဝင်ဘာလ ၁၀ ရက်နေ့တွင် အင်အားသုံး ဖယ်ရှားခဲ့ပြီး တောင်သူမိသားစု ကာရံထားသည့် ခြံစည်းရိုးနှင့် တဲအ ဆောက်အအုံများကို ဖျက်ဆီးဝင်ရောက်ခဲ့သည်။ ထို့ပြင် မန္တလေး အမှတ် ၇ ရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များမှ တောင်သူ ဦးပေါက်စနှင့် ၎င်း၏ မိသားစုဝင်များဖြစ်သော၊ ဒေါ်တင် ငွေ၊ ဒေါ်မြင့်မြင့်စန်း၊ မခိုင်ဇာဝင်း၊ ကိုမင်းမင်းခိုင်နှင့် ကိုမိုးသီးတို့ကို ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။ မန္တလေး မြို့၊ မဟာအောင်မြေမြို့နယ်၊ ရေဝတီမြစ်ဆိပ်အနီးရှိ လယ်ယာမြေများအား တောင်သူဦးပေါက်စမိသားစုမှ ဘိုး ဘွားစဉ်ဆက်စိုက်ပျိုးလုပ်ကိုင်ခဲ့ကြပြီး ၁၉၉၅ ခုနှစ်တွင် ရေဝတီမြစ်ဆိပ်ကမ်းနားလမ်း ဖောက်လုပ်ရန်အတွက် မြေ ၁၀ ဒသမ ၅၀ ဧက သိမ်းယူသွားခဲ့သည်။ သိမ်း ဆည်းခံ လယ်ယာမြေများအနက်မှ စီမံကိန်း ပိုလျှံမြေ ငါးဧကခန့်ကို ပြန်လည်လုပ်ကိုင်ခွင့်ရရှိရေးအတွက် သက် ဆိုင်ရာအဆင့်ဆင့်သို့ အကြိမ်ကြိမ်တင်ပြ တောင်းခံခဲ့ သော်လည်း ထူးခြားမှုမရှိသဖြင့် ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ

၇ ရက်နေ့တွင် ဝင်ရောက် စိုက်ပျိုးလုပ်ကိုင်ခဲ့သည်။ ထိုသို့ ဝင်ရောက်စိုက်ပျိုးခဲ့ရာတွင် အဆိုပါမြေများအား ရေကြောင်းရဲတပ်ဖွဲ့ခွဲ (မန္တလေး) မှ ပြန်လည်လွှဲပြောင်း ရယူထားသည်ဟုဆိုကာ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်နေ့တွင် ရေကြောင်းရဲတပ်ဖွဲ့ခွဲ (မန္တလေး) မှ တရားလိုပြုလုပ်၍ တောင်သူ ဦးပေါက်စအပါအဝင် တောင်သူ သုံးဦးနှင့် ဝန်းရံသူ သုံးဦးအား ပိုင်နက်ကျူးလွန်မှု၊ ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၄၄၇ ဖြင့် တရားစွဲဆိုခဲ့သည်။ အဆိုပါအမှုသည် သက်သေခိုင်လုံမှုမရှိဟုဆိုကာ မဟာအောင်မြေမြို့နယ်တရားရုံးမှ ၎င်းတို့ခြောက်ဦးကို ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်နေ့တွင် အမှုမှ အပြီးသတ် လွှတ်ကြောင်း အမိန့်ချမှတ်ခဲ့သည်။ ထို့ကြောင့် တောင်သူဦးပေါက်စမိသားစုမှ လယ်ယာမြေများကို ဆက်လက် ဝင်ရောက် လုပ်ကိုင်ခဲ့ကြခြင်းဖြစ်သည်။

**တပ်သိမ်းမြေမှ အသုံးမပြုသည့်မြေများကို ပြန်စွန့်ပေးရန် ဒေသခံများ တောင်းဆို**

အောက်တိုဘာလ ၂၃ ရက်နေ့တွင် ရှမ်းပြည်နယ်တောင်ပိုင်း၊ ဖယ်ခုံမြို့၌ ကျင်းပပြုလုပ်ခဲ့သည့် မြေယာကဏ္ဍနှီးနှောဖလှယ်ပွဲတွင် တပ်မတော် ခမရ ၃၃၆၊ ၄၂၁၊ စကခ (၇) နှင့် အမြောက်တပ်တို့မှ သိမ်းဆည်းထားသည့် မြေဧက ၄၀၀၀ အနက် တပ်မှ အသုံးပြုခြင်းမရှိတော့သည့် တောင်ယာမြေ ၁၆၀၀ ဧကကို ပြန်လည်စွန့်လွှတ်ပေးရန် ဒေသခံ တောင်သူများမှ တောင်းဆိုခဲ့ကြသည်။ ၁၉၇၀ ခုနှစ်ဝန်းကျင်တွင် မိုးပြဲဆည်တည်ဆောက်ခဲ့ခြင်းကြောင့် ဖယ်ခုံမြို့ရှိ ဒေသခံတောင်သူများ၏ လယ်ယာမြေဧကပေါင်းများစွာ ရေအောက်နစ်မြုပ်ခဲ့ပြီး ၁၉၉၀-၉၁ ခုနှစ်ဝန်းကျင်တွင်လည်း တပ်မတော်မှ တောင်ယာမြေများကို ထပ်မံသိမ်းယူခဲ့သောကြောင့် ဒေသခံများသည် လုပ်ကိုင်စားသောက်ရန် အခက်အခဲများကြုံတွေ့နေကြရသည်။ ထို့ပြင် လက်ရှိတွင် ဖယ်ခုံမြို့တစ်ကြောလုံးကို တပ်နယ်မြေအဖြစ် သတ်မှတ်ထားပြီး ခြံစည်းရိုးခတ်ထားသည့်အပေါ် တောင်သူလယ်သမားများအတွက် သွားလာရေးအခက်အခဲများ ကြုံတွေ့နေကြရသည်။

**လှိုင်ကော်တွင် ဒေသခံသုံးရာကျော် ဒုတိယအကြိမ် ပြောင်းဖူးသပိတ်ဆင်နွှဲ**

ကယားပြည်နယ်အစိုးရမှ ကျူးကျော်နေထိုင်သူများအဖြစ် သတ်မှတ်မှုကို ကန့်ကွက်ကြောင်း ဒေသခံသုံးရာကျော်မှ နိုဝင်ဘာလ ၅ ရက်နေ့တွင် ဒုတိယအကြိမ် ပြောင်းဖူးသပိတ်ဆင်နွှဲခဲ့သည်။ ဒေသခံများသည် ပြောင်းဖူးများကိုင်ဆောင်ကာ လှိုင်ကော်မြို့ပေါ်တွင် စီတန်းလှည့်လည်၍ ဆန္ဒထုတ်ဖော်ခဲ့သည်။ ဒေသခံများ၏ တောင်းဆိုချက်များကို အစိုးရမှ လိုက်လျောပေးခြင်းမရှိသည့်အတွက် အစိုးရနှင့်တွေ့ဆုံခွင့်ရရှိရန် အကြိမ်ကြိမ်တောင်းဆိုခဲ့သော်လည်း ယခုထိ တွေ့ဆုံခွင့် မရရှိသည့်အတွက် ဒုတိယအကြိမ် လမ်းပေါ်ထွက်၍ တရားဝင် တောင်းဆိုရခြင်းဖြစ်သည်ဟု ဆန္ဒပြပွဲကို ဦးဆောင်သူ ကိုဂူဂူးမှ ပြောကြားခဲ့သည်။ ထို့ပြင်ပြောင်းဖူးများကိုင်ဆောင်၍ ဆန္ဒထုတ်ဖော်ခြင်းသည် ၎င်းတို့ လက်ရှိနေထိုင်နေသည့် နေရာမှ မပြောင်းရွှေ့ရရေး၊ ‘မပြောင်းဘူး၊ ပြောင်းဖူးသပိတ်’ ဟူ၍ အမည်တပ်ခြင်းဖြစ်ကြောင်း ဆန္ဒထုတ်ဖော်ပွဲဦးဆောင်သူများမှ ရှင်းပြခဲ့သည်။

လက်ရှိသာသနာ့နယ်မြေဟု အစိုးရမှ သတ်မှတ်ထားသည့် လှိုင်ကော်မြို့၊ နမ့်ဘော်ဝမ်းရှမ်း (က) ရပ်ကွက် အုပ်စု (၉) နေရာတွင် ၂၀၁၅ ခုနှစ်ကတည်းက ဒေသခံများ နေထိုင်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၆ ခုနှစ်၌ အဆိုပါနေရာရှိ အိမ်ခြေ ၁၅၀ ကျော်ကို ပြည်နယ်အစိုးရမှ ကျူးကျော်သူများဟု သတ်မှတ်ခဲ့ကြောင်း ဆန္ဒထုတ်ဖော်မှုတွင် ပါဝင်သည့် ဒေသခံများမှ ပြောကြားခဲ့သည်။ လက်ရှိအငြင်းပွားနေသော မြေနေရာသည် ယခင်ကန္တရဝတီစော်ဘွားကြီး လက်ထက်ကတည်းက သာသနာ့နယ်မြေအဖြစ် လှူဒါန်းခဲ့ပြီး ယခင်အစိုးရအဆက်ဆက်မှ သာသာနာ့နယ်မြေကို မြေဂရန်ထုတ်ပေး၍ လူနေထိုင်ခွင့်ပြုခဲ့သဖြင့် ယခုကဲ့သို့ ပြဿနာဖြစ်ပေါ်ရခြင်းဖြစ်ကြောင်းစော်ဘွားကြီး၏ အနွယ်တော်တစ်ဦးမှ ပြောဆိုခဲ့သည်။

**ပိုင်ဆိုင်မှုအငြင်းပွားနေသော မြေပေါ်တွင် နေထိုင်သူများကို အင်အားသုံးဖယ်ရှား**

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ရှင်ပင်အုံးအင်းဘုရားအနီးတွင် နေထိုင်လျက်ရှိသည့် မူလတောင်သူများ၏ နေအိမ်များကို မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၊ ရဲတပ်ဖွဲ့နှင့် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနတို့မှ နိုဝင်ဘာလ ၁၃ ရက်နေ့နှင့် နိုဝင်ဘာလ ၁၄ ရက်နေ့တို့တွင် အင်အားသုံး၍ ဖယ်ရှားဖျက်ဆီးခဲ့သည်။ ၁၉၉၉ ခုနှစ်တွင် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးသို့ တောင်သူများကိုခေါ်၍ တောင်သူများ ပိုင်ဆိုင်သော မြေများကို စီမံကိန်းအတွက်အသုံးပြုရန် သိမ်းဆည်းမည်ဟု ပြောဆိုခဲ့သော်လည်း တစ်စုံတစ်ရာ လျော်ကြေးပေးလျော်မှုမရှိခဲ့သည့်အတွက် ယနေ့ထိ နေထိုင်နေခြင်းဖြစ်ကြောင်း တောင်သူ ကိုအောင်စိုးမြင့်မှ ပြောကြားခဲ့သည်။ ထို့ပြင် ထိုမြေပေါ်တွင် ၎င်းတို့နေထိုင်လာသည်မှာ နှစ်ပေါင်းခြောက်ဆယ်ကျော်ရှိပြီး အောင်မြင်သူကုမ္ပဏီမှ မည်ကဲ့သို့

ဂရမ်ရရှိသွားသည်ကို မသိရှိပါ၊ ထိုကိစ္စနှင့်ပတ်သက်၍ နှစ်ဖက်စလုံး တရားရုံးတွင် တရားရင်ဆိုင်နေရသည်ဟု ပြောဆိုခဲ့သည်။ ၎င်းတို့၏ မြေယာပြန်လည်ရရှိရေးအတွက် ဗဟို၊တိုင်း၊ခရိုင်၊မြို့နယ်ရှိ လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှု မြေယာစီမံခန့်ခွဲရေးဌာနသို့ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလမှ စတင်၍ တင်ပြခဲ့သော်လည်း ထူးခြားမှုမရှိကြောင်း ၎င်းမှ ထပ်မံပြောဆိုခဲ့သည်။

ထို့ပြင် ဒေါ်တင်လှပိုင်ဆိုင်သော ချမ်းမြသာစည်မြို့နယ်၊ အုံအင်းကွင်း မန္တလေး-ပြင်ဦးလွင် ရထားလမ်းထောင့်မှ မြေ တစ်ဧကကျော်ကို ၁၉၉၉ ခုနှစ်တွင် စီမံကိန်းအတွက် လျော်ကြေးပေးခြင်းမရှိဘဲ သိမ်းယူခဲ့ပြီး မြေပြန်လည်ရရှိရန် တောင်းဆိုနေသည့်အချိန်တွင် အောင်မြင်သူ ကုမ္ပဏီကို ဂရံချထားပေးသည်ကို သိရှိခဲ့ရသည်ဟု ဒေါ်တင်လှမှ ပြောကြားခဲ့သည်။ မြေပြန်လည်ရရှိရေးအတွက် သက်ဆိုင်ရာကို စာတင်ပြီး တောင်းဆိုနေသည့်အချိန်တွင် ကျူးကျော်ဟုဆိုကာ ယခုကဲ့သို့ ဖယ်ရှားရှင်းလင်းခြင်းသည် တရားမျှတမှုမရှိပါဟု ပြောကြားခဲ့သည်။ ပြည်ထောင်စုလယ်သမား အလုပ်သမားအင်အားစုပါတီ ဥက္ကဌ ဦးမင်းသူမှ တောင်သူများ ပိုင်ဆိုင်သည့် မြေဧရိယာ ရှစ်ဧကနီးပါးအပေါ် ဥပဒေမျက်ကွယ်ပြုလုပ်ဆောင်နေသည်မှာ မမှန်ကန်ကြောင်းပြောကြားခဲ့သည်။

**တောင်သူတစ်ဦးနှင့် မြေယာအရေးလှုပ်ရှားသူတစ်ဦး ထောင်ဒဏ်ချမှတ်ချခံရခြင်းအပေါ် ကျေနပ်မှုမရှိသဖြင့် တောင်သူများမှ ရှင်းလင်း**

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ရေကြည်ကျေးရွာတွင် ရေတံခွန်တောင် ဂေါက်ကွင်းတည်ဆောက်ရန် သိမ်းဆည်းခဲ့သော ယာမြေများပေါ်တွင် လူနေအဆောက်အအုံများ ဆောက်လုပ်ခဲ့ခြင်းအတွက် ပုသိမ်ကြီးမြို့နယ် တရားရုံးမှ တောင်သူ ဦးမြင့်အောင်နှင့် မြေယာအရေးတက်ကြွလှုပ်ရှားသူ ဦးမျိုးဝင်းတို့ကို ထောင်ဒဏ်ချမှတ်ခဲ့ခြင်းအပေါ် ဒေသခံတောင်သူများမှ ကျေနပ်ခြင်းမရှိ၍ နိုဝင်ဘာလ ၁၃ ရက်နေ့တွင် မန္တလေးမြို့၊ မီဒီယာစင်တာ၌ သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့သည်။ နိုဝင်ဘာလ ၁၂ ရက်နေ့တွင် ပုသိမ်ကြီးမြို့နယ် တရားရုံးမှ ၎င်းတို့နှစ်ဦးကို ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၄၄၇/၁၁၄ ဖြင့် ထောင်ဒဏ် နှစ်လချမှတ်ခဲ့သည်။ ဦးမျိုးဝင်းသည် အချုပ်ထဲမှ အမှုရင်ဆိုင်ခဲ့ရပြီး ချုပ်ရက်များကိုပါ ထုတ်နုတ်ခံစားခွင့်ရှိသည်ဟု အမိန့်ချမှတ်ခြင်းခံခဲ့ရ၍ ပြစ်ဒဏ်ချမှတ်သည့်နေ့တွင်ပင် လွတ်မြောက်ခဲ့သည်။

၂၀၁၆ ခုနှစ်တွင် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ ၎င်းတို့နှစ်ဦးကို တရားစွဲဆိုခဲ့သည်။ ၁၉၉၇ ခုနှစ်တွင် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ ဂေါက်ကွင်းပြုလုပ်ရန်အတွက် ဒေသခံတောင်သူ ၈၂ ဦး စိုက်ပျိုးလုပ်ကိုင်လျှက်ရှိသည့် ယာမြေဧက ၅၄၇ ဒသမ ၈၀ ဧကကို သိမ်းဆည်းခဲ့သည်။ သိမ်းဆည်းခဲ့သည့်မြေများအနက်မှ စီမံကိန်းအတွက် ဧက ၃၀၀ ခန့်ကိုသာ အသုံးပြုခဲ့ပြီး ကျန်ရှိနေသေးသည့် မြေဧက ၂၅၀ ခန့်သည် မြေလွတ်၊ မြေရိုင်းအဖြစ် တည်ရှိနေသည့်အတွက် တောင်သူများမှ အဆိုပါမြေများပေါ်တွင် စိုက်ပျိုးလုပ်ကိုင်ခဲ့ကြသည်။ သို့သော်လည်း ယင်းမြေဧကများကို မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီမှ စီမံကိန်းကို ဆက်လက်အကောင်အထည်ဖော်မည်ဖြစ်၍ မြေယာသိမ်းဆည်းခြင်းခံထားရသည့် တောင်သူများနှင့် စီမံကိန်းအတွင်း ပါဝင်နေသည့် ဒေသခံတောင်သူများ၏ နေအိမ်များကို မြေနေရာနှင့် အဆောက်အအုံများ အစားထိုးပြန်ပေးနိုင်ရန်အတွက် ဒေသခံတောင်သူများနှင့် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ကြား ညှိနှိုင်းဆွေးနွေးမှု ပြုလုပ်ထားသည်။

**အိုးအိမ်ဦးစီးဌာနရုံးရှေ့တွင် လူအင်အား ၇၀ ခန့် ဆန္ဒထုတ်ဖော်**

Skynet ရုပ်သံဌာန၏ ရုံးချုပ် အခြေစိုက်ရာ ရန်ကုန်တိုင်းဒေသကြီး၊ ပိုလ်တစ်ထောင်မြို့နယ်အတွင်းရှိ မေယုအိမ်ရာအပါအဝင် တပ်မတော်မှ သိမ်းဆည်းထားသည့် မြေယာများအတွက် လျော်ကြေးပေးရန် နိုဝင်ဘာလ ၁၄ ရက်နေ့တွင် မြေပိုင်ရှင်များမှ ရန်ကုန်မြို့၊ အိုးအိမ်ဦးစီးဌာနရုံးရှေ့တွင် ဆန္ဒထုတ်ဖော်ခဲ့ကြသည်။ ဒီဇင်ဘာလကုန်အထိ နှစ်နာကြေးမရရှိလျှင် တိုင်းအစိုးရရုံးရှေ့တွင် သပိတ်စခန်းဖွင့်ရန် စဉ်းစားထားသည်ဟု သိမ်းဆည်းခံမြေယာပိုင်ရှင်များမှ ပြောကြားခဲ့သည်။ အဆိုပါ ဆန္ဒထုတ်ဖော်မှုသည် ၂၉ ကြိမ်မြောက် ဆန္ဒထုတ်ဖော်ခြင်းဖြစ်သည်။

၁၉၄၇ ခုနှစ်တွင် ကာကွယ်ရေးဝန်ကြီးဌာန၏ စစ်ထောက်ချုပ်ရုံးမှ ၎င်းတို့၏ မြေများကို ၁၉၆၄ ခုနှစ်ထိ တရားဝင်ဌားရမ်းသုံးစွဲခဲ့ပြီးနောက် မူလမြေပိုင်ရှင်များကို လွှဲပြောင်းခြင်းမပြုဘဲ အိုးအိမ်ဦးစီးဌာနသို့ လွှဲပြောင်းပေးခဲ့ကြောင်း၊ အိုးအိမ်ဦးစီးဌာနမှ တစ်ဆင့် ထောက်ပံ့ရေးနှင့် သမဝါယမဌာန၊ ကုန်သွယ်ရေးဝန်ကြီးဌာနသို့ ဆက်လက်ဌားရမ်းသုံးစွဲခွင့်ပြုခဲ့ကြောင်း၊ ဌားရမ်းခများကို တရားဝင်ပေးချေခဲ့ကြသောကြောင့် မြေပိုင်ရှင်များအနေဖြင့် ၁၉၉၄ ခုနှစ်၊ ဇွန်လအထိ ဌားရမ်းခများရရှိခဲ့ကြကြောင်း မူလပိုင်ရှင်များမှ ပြောကြားခဲ့သည်။ သို့သော်လည်း ၁၉၉၄ ခုနှစ်၊

ဖွန်လ ၃၀ ရက်နေ့တွင် နိုင်ငံတော်ပိုင်အဖြစ် ပြောင်းလဲ သတ်မှတ်ခဲ့ကြောင်း ၎င်းတို့မှ ထပ်မံပြောဆိုခဲ့သည်။ ၂၀၁၆ ခုနှစ်၊ ဖွန်လကုန်တွင် မြေပိုင်ရှင် ၂၂၇ ဦးအတွက် ဥပဒေနှင့် အညီဟုဆိုကာ လျော်ကြေးအနေဖြင့် တိုက်ခန်း တစ်ခန်းနှင့် တစ်ပေပတ်လည်အား လေးသောင်းနှုန်းဖြင့် လျော်ကြေး ပြန်လည်ပေးခဲ့သော်လည်း ကျန်သူများသည် ယနေ့ထိ လျော်ကြေး မရရှိသေးကြောင်း၊ အလားတူပင် ၆၅၆ တပ်အတွင်းမှ မြေများ ပိုင်ဆိုင်သူများဖြစ်သည့် မြေပိုင်ရှင်များမှာလည်း လျော်ကြေး၊ နစ်နာကြေးများ မရ ရှိသေးကြောင်း ၎င်းတို့မှ ဆက်လက် ပြောကြားခဲ့သည်။ အဆိုပါ အကြောင်းအရာများအား နိုင်ငံတော်သမ္မတရုံး၊ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီ ဥက္ကဌ ဒုသမ္မတ ဦးဟင် နရီဗန်ထူးယူနှင့် အခြားသက်ဆိုင်ရာဌာနများသို့ ပေးပို့ ထားသည်။

### လယ်ယာမြေကျူးကျော်မှု ဖြေရှင်းပေးခြင်းမရှိသဖြင့် တစ်ကိုယ်တော် ဆန္ဒပြ

မြေယာပုံစံ (၇) ရှိနေသော်လည်း လယ်ယာမြေကျူးကျော် ခံရသည့်အပေါ် မည်သည့်ဌာနဆိုင်ရာမှ ဖြေရှင်းပေးခြင်း မရှိသည့်အတွက် နိုဝင်ဘာလ ၁၆ ရက်နေ့တွင် မုံရွာမြို့၌ ဦးဖိုးခိုသည် သုံးကြိမ်မြောက် တစ်ကိုယ်တော် ဆန္ဒဖော် ထုတ်ခဲ့သည်။ ၎င်းသည် ပုံစံ (၇) နှင့် ပုံစံ (၁၀၅) တို့ ရှိသော်လည်း လယ်ယာမြေနှင့် အခြားမြေများ စီမံခန့်ခွဲမှု ကော်မတီ၊ ပြည်သူ့တရားရုံးနှင့် မြို့နယ်တရားရုံးသို့ တိုင်ကြား၍မရသည့်အတွက် မုံရွာမြို့တွင် ဆန္ဒပြရခြင်း ဖြစ်သည်ဟု ၎င်းမှ ပြောကြားခဲ့သည်။ စစ်ကိုင်းတိုင်းဒေသ ကြီး၊ ဒီပဲယင်းမြို့နယ်၊ စိုင်ပြင်မြို့မှ ၎င်း၏ ဖခင်အမည် ပေါက်ဖြင့် လယ် ၂ ဒသမ ၇၉ ကေကို ဖခင်ကွယ်လွန် ပြီးသည့်နောက်တွင် သားဖြစ်သူ ၎င်းမှ လုပ်ကိုင်ခဲ့သည်။ ၂၀၁၃ ခုနှစ်တွင် ဦးကျော်မြင့်အောင်သည် ၎င်း၏မြေများ ကို ကျူးကျော်ခဲ့သည့်အတွက် လယ်ယာမြေနှင့် အခြားမြေ များ စီမံခန့်ခွဲမှုကော်မတီ အပါအဝင် သက်ဆိုင်ရာ အဆင့် ဆင့်သို့ တိုင်ကြားခဲ့သော်လည်း အရေးယူမှုမရှိခဲ့ဟု ၎င်းမှ ပြောကြားခဲ့သည်။ ထို့ပြင် ထူးခြားမှုမရှိလျှင် နေပြည်တော် သမ္မတရုံးထိ သွားရောက်၍ ပုံစံ (၇)နှင့် ပုံစံ (၁၀၅) များ အပ်နှံသွားမည်ဟုလည်း ၎င်းမှ ထပ်မံပြောဆိုခဲ့သည်။

### တပ်မတော်မှ သိမ်းယူထားသည့် မြေများကို ပြန်လည်ပေးအပ်ရန် ဒေသခံများ တောင်းဆို

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မင်းဓမ္မလမ်းနှင့် ရန်ကုန်နည်းပညာတက္ကသိုလ်ကြားတွင်ရှိသော တောင်သူ ၁၇ ဦး ပိုင်ဆိုင်သည့် မြေ ၂၅ ဧကကို တပ်မတော်မှ သိမ်းယူထားသည့်အတွက် အဆိုပါမြေများ အား မူလပိုင်ရှင်များထံ ပြန်လည်ပေးအပ်ရန် ဒေသခံများမှ နိုဝင်ဘာလ ၁၆ ရက်နေ့တွင် သတင်းစာရှင်းလင်းပွဲ ပြုလုပ်၍ တောင်းဆိုခဲ့ကြသည်။ ထို့ပြင် အစိုးရသစ် လက်ထက်တွင် MRTV 4 မှ Myanmar Event Park ဆောက်လုပ်ခြင်းနှင့် အခြားအဆောက်အအုံများ ပြုလုပ် နေခြင်းတို့ကြောင့် မြေယာမူဝါဒနှင့်အညီ အကောင်ထည် ဖော်ရန်အတွက်လည်း အဆိုပါသတင်းစာ ရှင်းလင်းပွဲတွင် တောင်းဆိုခဲ့သည်။

၁၉၉၀ ခုနှစ်တွင် တပ်မတော်မှ တောင်သူ ၁၇ ဦးပိုင်သည့် ကျွန်းကုန်းဟုခေါ်ဆိုသော ဥယျာဉ်ခြံမြေများကို စစ်တန်း လျား ဆောက်လုပ်ရန်ဟုဆိုကာ နစ်နာကြေးတစ်စုံတစ်ရာ ပေးလျော်ခြင်းမရှိဘဲ သိမ်းဆည်းခဲ့သည်။ တပ်မတော်မှ သိမ်းဆည်းထားသည့် မြေယာများပေါ်တွင် အဆောက်အဦးများ ဆောက်လုပ်ခြင်းမရှိဘဲ မြေလွတ်အတိုင်းသာ ရှိနေသောကြောင့် အဆိုပါ မြေများအား ပြန်ပေးရန် ၂၀၁၃ ခုနှစ်တွင်လည်း တိုင်ကြားခဲ့သည်ဟု ၎င်းတို့မှ ထပ်မံပြော ဆိုခဲ့သည်။ ယင်းသို့ တိုင်ကြားခဲ့ပြီးနောက်တွင် ဌာနဆိုင် ရာမှ အဆောက်အဦးများမဟုတ်ဘဲ ပုဂ္ဂလိက အဆောက် အဦးများဖြစ်သည့် Sweety Home၊ အာရှစိမ်းလန်းဖွံ့ဖြိုး ရေးဘဏ်နှင့် ဓမ္မမောဠိဝိဟာရ သီလရှင်စာသင်ကျောင်း များကို ယင်းမြေလွတ်များတွင် ဆောက်လုပ်လာခဲ့ကြ သည်ဟု မြေသိမ်းဆည်းခံ တောင်သူများမှ ပြောကြားခဲ့ သည်။

### လယ်သမား ၁၇၀ ကျော် နစ်စဉ်တရားစွဲဆိုခံနေရသဖြင့် ဥပဒေကြောင်းအရ ဖြေရှင်းပေးစေလိုကြောင်း လယ်သမားများ ပြောကြား

ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်အတွင်းရှိ ကျွဲထိုးကျေး ရွာအပါအဝင် ကျေးရွာလေးရွာမှ လယ်သမား ၁၇၀ ကျော်သည် နစ်စဉ်တရားစွဲဆိုခြင်းခံနေကြရသည့်အတွက် ဥပဒေကြောင်းအရ ဖြေရှင်းပေးစေလိုကြောင်း လယ်သမား များမှ ပြောကြားခဲ့သည်။ အဆိုပါ လယ်သမားများသည် ကွင်းအမှတ် ၆၀၉၊ စာကိုင်ကွင်း၊ ၎က်ကြီးကျွန်းဦးပိုင်အ တွင်း ကျရောက်လျက်ရှိသော လယ်မြေများအတွင်း လုပ်ကိုင်စားသောက်နေသည်မှာ ကြာမြင့်ခဲ့ပြီဖြစ်သော် လည်း စားကျက်မြေကျူးကျော်သည်ဟုဆိုကာ တရားစွဲဆို ခံနေကြရပြီး နစ်စဉ်ပြစ်ဒဏ်ပေးခြင်းကို ခံနေကြရသည်။

အဆိုပါလယ်များကို တိုင်းမှူးမောင်အုန်းလက်ထက်တွင် လယ်ယာမြေဖော်ထုတ်ရေးနှင့် ဆင်းရဲနွမ်းပါးမှု လျော့ချ

ရေးဟုဆိုကာ ဖော်ထုတ်လုပ်ကိုင်ခဲ့ခြင်းဖြစ်သည်ဟု လယ်သမား ဦးမောင်နီဝင်းမှ ပြောကြားခဲ့သည်။ ၎င်းတို့သည် ၂၀၀၃-၂၀၀၄ ခုနှစ်တွင် လယ်ယာမြေများကို စတင်လုပ်ကိုင်ခွင့်ရရှိခဲ့ပြီး ၂၀၁၄ ခုနှစ်မှစတင်၍ အထွေထွေအုပ်ချုပ်ရေးမှူးမှ ၎င်းတို့အား မြေခွန်မဆောင်ဟုဆိုကာ တရားစွဲဆိုခဲ့သည်။ အဆိုပါမြေများတွင် လုပ်ကိုင်စားသောက်နေသည့် လယ်သမား ၂၃ ဦးရှိသည်ဟု ၎င်းမှ ထပ်မံပြောဆိုခဲ့သည်။

**ကသာ - ဗန်းမော် မီးရထားလမ်းဖောက်လုပ်ရာတွင် ပါဝင်ခဲ့သော လယ်ယာမြေများအတွက် ယခုနှစ်အတွင်း နစ်နာကြေး ပေးချေရန် စီစဉ်**

ကသာ-ဗန်းမော် ရထားလမ်းဖောက်လုပ်ရာတွင် ပါဝင်ခဲ့သော လယ်ယာမြေများအတွက် နစ်နာကြေးကို ယခုနှစ်အတွင်း ပေးချေရန် ဆောင်ရွက်နေကြောင်း ကသာမြို့နယ်မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးညီညီထွန်းမှ ပြောကြားခဲ့သည်။ ၂၀၀၇ ခုနှစ်နှင့်၂၀၀၈ ခုနှစ်တွင် ဖောက်လုပ်ခဲ့သော အဆိုပါ မီးရထားလမ်းတွင် တောင်သူ ၁၈၇ ဦး၏ မြေ ၃၀၃ ကေခန့် ပါဝင်ခဲ့ခြင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနမှ နစ်နာကြေးပေးရန် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း ၎င်းမှ ဆက်လက် ပြောကြားခဲ့သည်။

ကသာမြို့နယ်၊ ကျေးရွာအုပ်စု ခြောက်ခုမှ တောင်သူ ၁၈၇ ဦးပိုင်ဆိုင်သော မြေ ၃၀၃ ကေခန့်ကို နစ်နာကြေးအဖြစ် ကျပ် ၅၄၇ သန်းကျော် ပေးချေမည်ဖြစ်ပြီး ပါဝင်ခဲ့သော မြေကေနှင့် လယ်မြေ၊ ယာမြေအမျိုးအစားအလိုက် နစ်နာကြေးခွဲခြား၍ ပေးအပ်သွားမည်ဖြစ်သည်။

**ဦးပိုင်မှ သိမ်းဆည်းခဲ့ပြီးနောက် လုပ်ငန်းရှင်များထံ လွှဲပြောင်းပေးခဲ့သည့် မြေနေရာများနှင့်ပတ်သက်၍ အမြန်ဆုံး ဖြေရှင်းပေးရန် သိမ်းဆည်းခံပြည်သူများ သတင်းစာရှင်းလင်း**

ငွေဆောင်ကမ်းခြေတွင် ဟိုတယ်ဖုန်တည်ဆောက်ရန်အတွက် ဒေသခံများပိုင်ဆိုင်သော မြေယာများကို မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်မှ သိမ်းဆည်းခဲ့ပြီးနောက် လုပ်ငန်းရှင်များထံ ပြန်လည်လွှဲပြောင်းပေးခဲ့သည့် မြေနေရာများနှင့်ပတ်သက်၍ သိမ်းဆည်းခံ မူလပိုင်ရှင်များမှ အစိုးရသစ်လက်ထက်တွင် တင်ပြတောင်းဆိုခဲ့သော်လည်း ယနေ့အချိန်ထိ ပြေလည်မှုမရှိခြင်းအပေါ် အမြန်ဆုံး ဆောင်ရွက်ပေးရန် နိုဝင်ဘာလ ၂၄ ရက်နေ့တွင် သတင်းစာရှင်းလင်းပွဲပြုလုပ်၍ တောင်းဆိုခဲ့သည်။ ၂၀၀၀ ပြည့်နှစ်တွင် ငွေဆောင်ကမ်းခြေရှိ ဒေသခံတောင်သူ ၂၄၈ ဦး ပိုင်ဆိုင်သော မြေဧက ၃၁၅ ဒသမ ၂၀ ကေရှိ အုန်းခြံများကို ဟိုတည်ဖုန်တည်ဆောက်ရေးအတွက် မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်မှ သိမ်းဆည်းခဲ့သည်။ သိမ်းဆည်းခဲ့သည့်အချိန်တွင် သီးနှံလျော်ကြေးများကိုသာ ပေးအပ်ခဲ့ပြီး ပေ ၄၀၊ ပေ ၆၀ မြေကွက်များကိုသာ နေရာချထားပေးခဲ့သည်။

၂၀၁၀ ခုနှစ်တွင် မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်မှ အဆိုပါမြေများအား ပြန်လည်စွန့်လွှတ်၍ တိုင်းဒေသကြီး အစိုးရအဖွဲ့ထံ လွှဲပြောင်းပေးအပ်ခဲ့သော်လည်း တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ထိုမြေများကို သိမ်းဆည်းခံပြည်သူများထံ ပြန်လည် ပေးအပ်ခဲ့ခြင်းမရှိဘဲ လက်ရှိလုပ်ငန်းလုပ်ကိုင်နေသည့် လုပ်ငန်းရှင်များကို ပြန်လည်ချထားပေးခဲ့သည်။ မြေသိမ်းခံ ပြည်သူများသည် အစိုးရသစ်လက်ထက်တွင် သိမ်းဆည်းခံမြေယာများ ပြန်လည်ရရှိရေးအတွက် တောင်းဆိုခဲ့ကြသည်။ ထို့ကြောင့် တိုင်းဒေသကြီး အစိုးရမှ မူလသိမ်းဆည်းခံပြည်သူများ နစ်နာမှုမရှိစေရေးအတွက် နစ်နာကြေးများရရှိရန် ညှိနှိုင်းဆောင်ရွက်ပေးခဲ့သော်လည်း လုပ်ငန်းရှင်များမှ ပေးအပ်လိုသော ငွေကြေးနှင့် မြေသိမ်းခံပြည်သူများမှ တောင်းဆိုသည့် နစ်နာကြေးတို့မှာ ကွာခြားနေခဲ့သည်။ အဆိုပါအငြင်းပွားမှုကို ဖြေရှင်းဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီးမှ ဝန်ကြီးသုံးဦးပါဝင်သည့် ဖြေရှင်းညှိနှိုင်းဆောင်ရွက်ရေးကော်မတီကို ဖွဲ့စည်းခဲ့သော်လည်း လုပ်ငန်းရှင်များဘက်မှ မြေသိမ်းခံပြည်သူများနှင့် တွေ့ဆုံလိုခြင်း မရှိခဲ့ပေ။ ထို့ကြောင့် ယနေ့ထိတိုင် ပြေလည်အောင် ဖြေရှင်းပေးနိုင်ခြင်း မရှိသေးသည့်အပေါ် နိုင်ငံတော်အစိုးရမှ အမြန်ဆုံး ဖြေရှင်းဆောင်ရွက်ပေးရန် မြေသိမ်းခံပြည်သူများမှ သတင်းစာရှင်းလင်းကာ တောင်းဆိုခဲ့ကြခြင်းဖြစ်သည်။

**လယ်ယာမြေသိမ်းဆည်းခံထားရသည့် ဝမ်းတွင်းတောင်သူများ နစ်နာကြေး မရရှိသေး**

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်အတွင်း ရန်ကုန်-မန္တလေးလမ်းဟောင်း တိုးချဲ့ရန်အတွက် လယ်ယာမြေသိမ်းဆည်းခြင်းခံခဲ့ရသော ဒေသခံတောင်သူများသည် နစ်နာကြေး တောင်းဆိုတင်ပြထားသော်လည်း ရရှိခြင်း မရှိသေးကြောင်း သိရှိရသည်။ ၂၀၀၁ ခုနှစ်တွင် ရန်ကုန်-မန္တလေးလမ်းဟောင်း တိုးချဲ့ရာ၌ တောင်သူများ၏ လယ်ယာမြေဧက ၅၀ ခန့်သည် လမ်းတိုးချဲ့မည့်နေရာတွင် ပါဝင်နေသည့်အတွက် သိမ်းဆည်းခြင်းခံခဲ့ရသည်။ တောင်သူများကူညီရေး အလင်းတန်းအဖွဲ့မှ ကိုမျိုးဝင်းသန့်မှ ဝမ်းတွင်းမြို့နယ်အတွင်း သိမ်းဆည်းသွားသည့် လယ်ယာမြေများအတွက် တောင်သူ ၂၅၀ ကျော်၏ လက်မှတ်နှင့် လက်ဗွေကို ဇူလိုင်လ ၂၄ ရက်နေ့တွင် တိုင်းအစိုးရ

ထံတင်ပြထားပြီး ဇူလိုင်လ ၃၁ ရက်နေ့တွင် ပြည်ထောင်စုဝန်ကြီးထံ တင်ပြထားသော်လည်း ယခုထိ အကြောင်း မပြန်သေးပါဟု ပြောကြားခဲ့သည်။

**မော်လမြိုင်လေယာဉ်ကွင်း တိုးချဲ့ဧရိယာအတွက် မြေယာလျော်ကြေးညှိနှိုင်းမှု အဆင်မပြေ**

မော်လမြိုင်လေယာဉ်ကွင်းကို အဆင့်မြှင့်တင်ဆောက်လုပ်ရာတွင် တိုးချဲ့ဧရိယာအတွင်း ပျက်စီးဆုံးရှုံးမည့် မြေယာများအတွက် အစိုးရမှ လျော်ကြေးပေးရန် နိုဝင်ဘာလ ၂၇ ရက်နေ့တွင် ညှိနှိုင်းခဲ့ရာ၌ အဆင်မပြေခဲ့ကြောင်း မွန်ပြည်နယ် အစိုးရအဖွဲ့ဝင် ဗမာတိုင်းရင်းသားရေးရာ ဝန်ကြီး ဦးရွှေမြင့်မှ ပြောကြားခဲ့သည်။ ဥယျာဉ်ခြံမြေပိုင်ရှင်များသည် ဥယျာဉ်ခြံမြေများအတွက် သိန်းနှစ်ထောင်ခန့်တောင်းဆိုခဲ့ပြီး လယ်သမားများသည်လည်း တစ်ဧကလျှင် သိန်းသုံးရာခန့် တောင်းဆိုထားသည်။ သို့သော်လည်း အစိုးရမှ ချမှတ်ထားသည့်နှုန်းသည် ဥယျာဉ်ခြံမြေ တစ်ဧကလျှင် ကျပ်သိန်း ၄၀၀၊ ကျိုက်မရော လမ်းမကြီးဘေးရှိ လယ်ယာမြေတစ်ဧကလျှင် ကျပ်သိန်း ၆၀ နှင့် အတွင်းပိုင်းကျသည့် လယ်ယာမြေများကို တစ် ဧကလျှင် ကျပ်သိန်း ၄၀ ဖြင့် သတ်မှတ်ထားကြောင်း ၎င်းမှ ထပ်မံပြောကြားခဲ့သည်။

ထိုသို့လျော်ကြေးပေးရာတွင် မွန်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် လယ်ယာမြေနှင့် ဥယျာဉ်ခြံမြေတို့အတွက် မြေယာလျော်ကြေးအပါအဝင် သီးနှံလျော်ကြေးနှင့် အဆောက်အဦးတို့အတွက် သီးခြားစီ ပေးလျော်မည်ဖြစ်သည်။ လေယာဉ်ကွင်းတိုး ချဲ့ရာတွင် ပါဝင်ခဲ့သည့် မြေများအနက်မှ မြေပိုင်ရှင် ၂၄ ဦးနှင့် ညှိနှိုင်းရာတွင် အဆင်မပြေသည့်အတွက် ဒီဇင်ဘာလ ၄ ရက်နေ့တွင် ထပ်မံညှိနှိုင်းသွားမည်ဖြစ်သည်။ ထို့ပြင် ၎င်းတို့ တောင်းဆိုသည့်ဈေးနှုန်းအပေါ် လိုက်လျောနိုင်သည့် အခြေအနေအထိ အစိုးရဘက်မှ ညှိနှိုင်းမည်ဖြစ်ကြောင်း ၎င်းမှ ဆက်လက်ပြောကြားခဲ့သည်။

# အရေးပါသည့်ဆက်စပ်သတင်းများဖတ်ရန် Links

## တရားစွဲဆိုခံရခြင်းများ

- ဆက်သွယ်ရေးဥပဒေဖြင့် အမှုဖွင့်ခြင်းခံထားရသော RFA သတင်းထောက်ကို အာမခံပေး
  ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်၊ The Voice/မြန်မာ
  ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်၊ 7 Day Daily/မြန်မာ
  ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်၊ ဘီဘီစီ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်၊ မြန်မာတိုင်းမ်
  ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်၊ The Voice/မြန်မာ
  ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်၊ မဇ္ဈိမ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်၊ 7 Day Daily/မြန်မာ

- ပန်ဒါချည်မျှင်နှင့် ထည်ချုပ်စက်ရုံကို ဆန္ဒပြသူများ အမှုဖွင့်ခံရ
  ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်၊ ဧရာဝတီ
  ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်၊ မြန်မာတိုင်းမ်

- ဒေသခံ ၅၀ ဦးကို မကွေးတိုင်းဝန်ကြီး အမှုဖွင့်
  ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်၊ မြန်မာတိုင်းမ်

## တရားရင်ဆိုင်ရခြင်းများ

- ရိုက်တာသတင်းထောက်နှစ်ဦး၏ အယူခံလျှောက်လွှာကို ရန်ကုန်တိုင်းတရားလွှတ်တော် လက်ခံ
  ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်၊ Reuters
  ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်၊ Frontier
  ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်၊ မဇ္ဈိမ
  ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်၊ ဘီဘီစီ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်၊ ဗွီအိုအေ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်၊ ဧရာဝတီ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်၊ မဇ္ဈိမ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်၊ The Voice/မြန်မာ
  ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်၊ 7 Day Daily/မြန်မာ
  ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်၊ ဗွီအိုအေ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်၊ ဧရာဝတီ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်၊ ဒီဗွီဘီ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်၊ The Voice/မြန်မာ

- တရားစွဲဆိုခြင်းခံနေရသော ကချင်ဆန္ဒပြ လူငယ်ခေါင်းဆောင်သုံးဦး၏အမှု နောက်ဆုံးသက်သေကို စစ်ဆေး
  ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်၊ BNI/မြန်မာ

## ထောင်ဒဏ်ချမှတ်ခံရခြင်းများ

- လက်လုပ်မိုင်း ပေါက်ကွဲခဲ့မှုအတွက် ထောင်ဒဏ် အနှစ် ၃၀ ချမှတ်
  ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်၊ မဇ္ဈိမ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်၊ The Voice/မြန်မာ
  ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်၊ 7 Day Daily/မြန်မာ
  ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်၊ BNI/မြန်မာ

- AA စစ်ဦးစီးချုပ်ပုံဖြင့် မီးပုံးပျံလွှတ်သူ ထောင်ဒဏ် နှစ်နှစ်ချမှတ်
  ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်၊ ဧရာဝတီ

- ဘီလပ်မြေစက်ရုံအဝင်၊အထွက်လမ်းကို တားဆီးပိတ်ပင်သည်ဟုဆိုကာ တောင်သူငါးဦးကို ထောင်ဒဏ် တစ်လစီချမှတ်
  ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်၊ အီလဲဗင်း/မြန်မာ

## ထောင်တွင်းအခြေအနေများ

- ရွှေဘိုအကျဉ်းထောင်သို့ စစ်ကိုင်းတိုင်းတရားလွှတ်တော်တရားသူကြီး သွားရောက်စစ်ဆေး
  ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်၊ မြန်မာတိုင်းမ်/မြန်မာ

- ရှေ့နေ ဒေါ်ခင်ခင်ကျော်နှင့် ကိုသန်းထိုက်တို့ကို ထောင်ဒဏ် သုံးလ လျှော့ပေး
  ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်၊ ဒီဗွီဘီ/ မြန်မာ
  ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ

## ထောင်မှလွတ်မြောက်မှုများ

- စရဖ တပ်ကြပ် သေဆုံးမှုနှင့်ပတ်သက်၍ ဖမ်းဆီးခြင်းခံထားရသည့် လူငယ် သုံးဦး လွတ်မြောက်
  ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်၊ ဧရာဝတီ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်၊ မဇ္ဈိမ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်၊ BNI/မြန်မာ
  ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်၊ 7 Day Daily/မြန်မာ

- ပိုင်နက်ကျူးလွန်မှုဖြင့် တရားစွဲဆိုခြင်းခံထားရသော တောင်သူလေးဦးကို အပြီးသတ်လွှတ်
  ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်၊ 7 Day Daily/မြန်မာ

- အီလဲဗင်း သတင်းသမား သုံးဦးကို တရားစွဲဆိုထားမှု ပြန်လည်ရုပ်သိမ်း
  ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်၊ အီလဲဗင်း
  ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်၊ Reuters
  ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်၊ မြန်မာတိုင်းမ်/မြန်မာ
  ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်၊ ဗွီအိုအေ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်၊ ဒီဗွီဘီ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်၊ ဘီဘီစီ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်၊ ဧရာဝတီ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်၊ 7 Day Daily/မြန်မာ
  ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်၊ မဇ္ဈိမ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်၊ မဇ္ဈိမ
  ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်၊ ဒီဗွီဘီ/မြန်မာ

## နိုင်ငံရေးနှင့်နိုင်ငံသားတို့၏လွတ်လပ်ခွင့်အပေါ် တားမြစ်ခြင်းများနှင့်ဆန္ဒထုတ်ဖော်မှုများ

- ဖမ်းဆီးခြင်းခံထားရသော ဓမ္မဆရာမနှင့် ကချင်တိုင်းရင်းသားများကို ပြန်လည်လွှတ်ပေး
  ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်၊ ဧရာဝတီ
  ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်၊ ဧရာဝတီ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်၊ BNI/မြန်မာ
  ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်၊ 7 Day Daily/မြန်မာ
  ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်၊ BNI

- ဆက်သွယ်ရေးဥပဒေဖြင့် တရားစွဲဆိုမှု နှစ်လအတွင်း ၁၄ မှုတိုး
  ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်၊ 7 Day Daily/မြန်မာ

- အငြင်းပွားလယ်ယာမြေပေါ်တွင် စိုက်ပျိုးလုပ်ကိုင်နေသူများကို အင်အားသုံးဖယ်ရှား
  ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်၊ The Voice/မြန်မာ
  ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်၊ မြန်မာတိုင်းမ်/မြန်မာ

- ရဲတပ်ဖွဲ့မှ ခရီးသွားလုပ်ငန်းရှင်တစ်ဦးကို မှားယွင်းဖမ်းဆီး၍နှိပ်စက်
  ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်၊ ဧရာဝတီ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်၊ 7 Day Daily/မြန်မာ
  ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်၊ ဧရာဝတီ

- မြေယာသိမ်းပိုက်မှုဖြစ်စေသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို တိုင်းရင်းသားများ ကန့်ကွက်
  ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်၊ VOA/မြန်မာ
  ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်၊ BNI/မြန်မာ
  ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်၊ ဧရာဝတီ
  ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်၊ BNI/မြန်မာ
  ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်၊ Frontier
  ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်၊ ဗွီအိုအေ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်၊ BNI/မြန်မာ

- အင်္ဂါးယာဉ်မောင်း သေဆုံးမှုအတွက် လူ့အခွင့်အရေး ကော်မရှင် စစ်ဆေး
  ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်၊ The Voice/မြန်မာ
  ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်၊ ဧရာဝတီ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်၊ The Voice/မြန်မာ
  ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်၊ ဧရာဝတီ

- စစ်တပ်ထောက်ခံပွဲတွင် ပါဝင်ရန်အတွက် ပအိုဝ်းတိုင်းရင်းသားများ ဖိအားပေးစေခိုင်းခြင်းခံရ
  ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်၊ ဧရာဝတီ

- ထားဝယ်တွင် နဝမတန်းကျောင်းသား တစ်ဦးကို သူခိုးဟု သံသယဖြင့် ဖမ်းဆီးစစ်ဆေးခဲ့၍ ဆေးရုံတင်ကုသရ
  ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်၊ 7 Day Daily/မြန်မာ

- တပ်မတော်မှ ဖမ်းဆီးခေါ်ဆောင်သွားခဲ့သော အရပ်သား ၁၀ ဦးအနက် ငါးဦး ပြန်လည်လွတ်မြောက်
  ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်၊ 7 Day Daily/မြန်မာ
  ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်၊ ဧရာဝတီ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်၊ ဗွီအိုအေ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်၊ ဧရာဝတီ
  ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်၊ ဧရာဝတီ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်၊ 7 Day Daily/မြန်မာ

- ဝန်ကြီးချုပ်အပြောင်းအလဲ သတင်းဖော်ပြသည့် The Speaker ဂျာနယ်နှင့် သမ္မတရုံး အငြင်းပွားမှု ပြေလည်
  ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်၊ 7 Day Daily/မြန်မာ
  ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်၊ The Voice/မြန်မာ

- ကချင်စစ်ဘေးရှောင် နှစ်ဦးကို တပ်မတော်မှ ဖမ်းဆီး ရိုက်နှက်ခဲ့
  ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်၊ ဧရာဝတီ
  ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်၊ ဧရာဝတီ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်၊ BNI/မြန်မာ
  ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်၊ ဘီဘီစီ/မြန်မာ

- ကွတ်ခိုင်တွင် လက်နက်ကိုင်တပ်ဖွဲ့ တစ်ဖွဲ့မှ လူငယ်ခြောက်ဦးကို ဖမ်းဆီးခေါ်ဆောင်
  ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်၊ 7 Day Daily/မြန်မာ

- ရှမ်းမြောက်စစ်ရေးပဋိပက္ခကြောင့် ကောက်ရိတ်နေသည့် ကျောက်မဲဒေသခံ တစ်ဦးကို ဖမ်းဆီး
  ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်၊ BNI/မြန်မာ

- မွန်ဝန်ကြီးချုပ်ကို အရေးယူရန် မရှိကြောင်း NLD ပြောကြား
  ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်၊ BNI/မြန်မာ
  ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်၊ The Voice/မြန်မာ

- မိုးညှင်းမြို့မ ရဲတပ်ဖွဲ့မှ ABSDF မြောက်ပိုင်း ဒုဥက္ကဌ အပါအဝင် သုံးဦးကို ဖမ်းဆီး
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်၊ ဧရာဝတီ/မြန်မာ

## လယ်ယာမြေပြဿနာများ

- တပ်သိမ်းမြေမှ အသုံးမပြုသည့်မြေများကို ပြန်စွန့်ပေးရန် ဒေသခံများ တောင်းဆို
  ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်၊ BNI
  ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်၊ BNI/မြန်မာ

- လှိုင်ကော်တွင် ဒေသခံသုံးရာကျော် ဒုတိယအကြိမ် ပြောင်းဖူးသပိတ်ဆင်နွှဲ
  ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်၊ 7 Day Daily/မြန်မာ

- ပိုင်ဆိုင်မှုအငြင်းပွားနေသော မြေပေါ်တွင် နေထိုင်သူများကို အင်အားသုံးဖယ်ရှား
  ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်၊ မဇ္ဈိမ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်၊ မဇ္ဈိမ
  ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်၊ မဇ္ဈိမ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်၊ အီလဲဗင်း/မြန်မာ

- တောင်သူတစ်ဦးနှင့် မြေယာအရေးလှုပ်ရှားသူ တစ်ဦး ထောင်ဒဏ်ချမှတ်ချခံရခြင်းအပေါ် ကျေနပ်မှုမရှိသဖြင့် တောင်သူများမှ ရှင်းလင်း
  ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်၊ အီလဲဗင်း/မြန်မာ

- အိုးအိမ်ဦးစီးဌာနရုံးရှေ့တွင် လူအင်အား ၇၀ ခန့် ဆန္ဒထုတ်ဖော်
  ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်၊ အီလဲဗင်း/မြန်မာ
  ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်၊ အီလဲဗင်း

- လယ်ယာမြေကျူးကျော်မှု ဖြေရှင်းပေးခြင်းမရှိသဖြင့် တစ်ကိုယ်တော် ဆန္ဒပြ
  ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်၊ ဒီဗွီဘီ/မြန်မာ

- တပ်မတော်မှ သိမ်းယူထားသည့် မြေများကို ပြန်လည်ပေးအပ်ရန် ဒေသခံများ တောင်းဆို
  ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ

- လယ်သမား ၁၇၀ ကျော် နှစ်စဉ်တရားစွဲဆိုခံနေရသဖြင့် ဥပဒေကြောင်းအရ ဖြေရှင်းပေးစေလိုကြောင်း လယ်သမားများ ပြောကြား
  ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်၊ အီလဲဗင်း/မြန်မာ

- ကသာ - ဗန်းမော် မီးရထားလမ်းဖောက်လုပ်ရာတွင် ပါဝင်ခဲ့သော လယ်ယာမြေများအတွက် ယခုနှစ်အတွင်း နစ်နာကြေး ပေးချေရန် စီစဉ်
  ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်၊ 7 Day Daily/မြန်မာ

- ဦးပိုင်မှ သိမ်းဆည်းခဲ့ပြီးနောက် လုပ်ငန်းရှင်များထံ လွှဲပြောင်းပေးခဲ့သည့် မြေနေရာများနှင့်ပတ်သက်၍ အမြန်ဆုံး ဖြေရှင်းပေးရန် သိမ်းဆည်းခံပြည်သူများ သတင်းစာရှင်းလင်း
  ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်၊ အီလဲဗင်း/မြန်မာ
  ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်၊ မဇ္ဈိမ/မြန်မာ

- လယ်ယာမြေသိမ်းဆည်းခံထားရသည့် ဝမ်းတွင်းတောင်သူများ နစ်နာကြေး မရရှိသေး
  ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်၊ ဒီဗွီဘီ/မြန်မာ

- မော်လမြိုင်လေယာဉ်ကွင်း တိုးချဲ့ဇရိယာအတွက် မြေယာလျော်ကြေးညှိနှိုင်းမှု အဆင်မပြေ
  ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်၊ The Voice/မြန်မာ


ဆက်သွယ်မေးမြန်းရန်
နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း
တိတ်နိုင်အတွင်းရေးမှူး+၉၅(၀) ၉၄၂၈၀၂၃၈၂၈
အောင်မျိုးကျော်ရန်ကုန်ရုံးတာဝန်ခံ +၉၅(၀) ၄၂၈၁၁၇၃၄၈